မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၃၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံသားအားလုံးသည် အသီးတစ်ရာ အညှာတစ်ခုဖြစ်ကြောင်း ခိုင်မာခဲ့ပြီဖြစ်

ကမ္ဘာပေါ်တွင် ရှာဖွေတွေ့ရှိသမျှ ပရိုင်းမိတ်တို့အနက် ရှေးအကျဆုံးဖြစ်သော လွန်ခဲ့သည့် နှစ်သန်း (၄၀)ခန့်က လူတူပရိုင်းမိတ်ကို ကမ္ဘာ့ပညာရှင်များက ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရှာဖွေတွေ့ရှိ အသိအမှတ်ပြုခဲ့ကြပြီးဖြစ်သည့်အတွက် ဤမြေ ဤရေတွင် ပေါက်ဖွားခဲ့ကြသည့် နိုင်ငံသားအားလုံးသည် အသီးတစ်ရာ အညှာတစ်ခုဖြစ်ကြောင်း ခိုင်မာခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ရှည်လျားလှသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းသည် တိုင်းရင်းသားလူမျိုးများအားလုံး၏ သမိုင်းပင်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကရင်ပြည်နယ်

ခေတ်မီဖွံ့ဖြိုး တိုးတက်စည်ပင် ကရင်ပြည်နယ်တစ်ခွင်

ကရင်ပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရှေ့တောင်ဘက်ပိုင်းတွင်တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၁၇၃၀ ဒသမ ၈၅ မိုင် ကျယ်ဝန်းသည်။ ကရင်၊ ပအိုဝ်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများ စုစည်းညီညွတ်စွာ အတူတကွ ပူးပေါင်းနေထိုင်ကြသည်။ လွင်ပြင်တောင်တန်းနှင့် သစ်တောများ ဆက်စပ်နေသော ပြည်နယ်ဖြစ်သည်။ ပြည်နယ်၏ အရှေ့ဘက်ပိုင်းတွင် တောင်တန်းများသည် မြောက်မှ တောင်ဘက်သို့ သွယ်တန်းနေကာ ပြည်နယ်အနောက်ဘက်တွင် မြေနိမ့်လွင်ပြင်များ တည်ရှိသည်။

ပြည်နယ်အတွင်း၌ သံလွင်၊ သောင်ရင်း၊ အတ္တရံ၊ ဂျိုင်း စသည့် မြစ်ကြီးများ စီးဆင်းလျက်ရှိသည်။ သာယာလှပသော တောတောင်လွင်ပြင်နှင့် ပေါများကြွယ်ဝသည့် မြေသယံဇာတ၊ ရေသယံဇာတများ ရှိသည်။ ယခင်က တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသည့် သမိုင်းဆိုးမွေကို မျက်မှောက်ကာလ၌ နိုင်ငံတော်က တည်ငြိမ်အေးချမ်းမှုဖြင့် ဖော်ဆောင်ပေးပြီး ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို နေ့မအား ညမနား အရှိန်အဟုန်တိုးမြှင့် ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

ကရင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာများကို သင်ယူလျက်ရှိသည့် နည်းပညာတက္ကသိုလ်(ဘားအံ)ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်)

ဆက်သွယ်သွားလာမှု လွယ်ကူစေမည့် ဒေါင်းနေချောင်းတံတား

နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်သည် လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့ရေးဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခုအကြား လမ်းပန်းဆက်သွယ်မှုလွယ်ကူခြင်းကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု မြန်ဆန်သွက်လက်စေပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခဲ့ရသည်။

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်းပေါ်တွင် ဒေါင်းနေချောင်းတံတားဖွင့်ပွဲကို ဖေဖော်ဝါရီလ ၅ ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါတံတားမှာ ပေ ၁၈၀ နှင့်အထက် ၂၅၅ စင်းမြောက် တံတားဖြစ်သည်။

ယင်းတံတား မတည်ဆောက်မီက ချောင်းအတွင်းမှ ကားများဖြတ်သန်းသွားလာခဲ့ကြရသည်။ မိုးရာသီကာလတွင် ဖြတ်သန်းသွားလာရန် ပိုမိုအခက်အခဲတွေ့ခဲ့ကြရသည်။ ချောင်းရေကျချိန်ကို စောင့်ဆိုင်းပြီးမှ သွားလာရသဖြင့် အချိန်ကုန်လူပင်ပန်းပြီး ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့ရသည်။ ဒေါင်းနေချောင်းတွင် တံတားလုံးဝမရှိခဲ့ပေ။

ယခုအခါ ယင်းတံတားကြီး တည်ဆောက်ပြီးစီးသွားသည့်အတွက် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ရှိရာ ပုဂံ-ညောင်ဦးဒေသသို့လည်းကောင်း၊ မြင်းခြံ-နွားထိုးကြီးလမ်းမှတစ်ဆင့် ရန်ကုန်-မန္တလေးအမြန်လမ်းကိုဖြတ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်သို့လည်းကောင်း၊ မကွေး-မင်းဘူး-အမ်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးသို့လည်းကောင်း ရာသီမရွေးသွားလာနိုင်ကြပြီဖြစ်သည်။

တံတားကို အပေါ်ထည်ကြိုတင်အားဖြည့်သံကူကွန်ကရစ်၊ အောက်ထည်သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ်လွန်တူးပိုင်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားပေအရှည် ၁၇၈၅ပေ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် ယာဉ်နှစ်လမ်းသွားဖြစ်သည်။ လူသွားလမ်းတစ်ဖက်လျှင် နှစ်ပေငါးလက်မစီရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

ယင်းတံတားကြီးကြောင့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ရာ တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး အလုပ်ရုံဆွေးနွေး

ညောင်ဦး ဖေဖော်ဝါရီ ၇

ညောင်ဦးခရိုင်တွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ရက် နံနက် ၈နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်လင်းအောင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ညောင်ဦးခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းမြင့်ထွန်းက ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းသို့ ရှင်းလင်းပြောကြားရာတွင် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်မှ မတ် ၁၅ ရက်အထိ မြေစာရင်းကွင်းဝန်ထမ်းများက စာရင်းကောက်ယူရေး၊ စာရင်းကောက်ယူနိုင်ရန်အတွက် ကောက်ယူမှုပုံစံ အဆင့်ဆင့်ကို စာတွေ့၊ လက်တွေ့ သင်တန်းပို့ချရေးနှင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းပြီးပြတ် အောင်မြင်အောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောင်းစာကြည့်တိုက် အထောက်အကူပြုပစ္စည်းများ
ပန်းဘဲတန်းမြို့နယ်၌ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၇

ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် အထက(၂) မြတ်ဆရာခန်းမ၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီခွဲက ကျောင်းစာကြည့်တိုက် အထောက်အကူပြုပစ္စည်း၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော်၊ အတွင်းရေးမှူးဦးစိုးမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ ဆရာမများ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရီက ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များက ပစ္စည်းနှင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈၈၈၀၀၀ရှိ Sky Net စက်တစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာတစ်စုံနှင့် စာအုပ်စာစောင် ၁၂၀၅ အုပ်ကို ပေးအပ်လှူဒါန်းကြသည်။ ဧည့်သည်တော်များက စာကြည့်ခန်းကို လှည့်လည်ကြည့်ရှုကြပြီးနောက် မွန်းတည့် ၁၂ နာရီတွင် သချာ် ဦးအောင်သောင်းက သချာ်ဘာသာရပ်နှင့် ပတ်သက်၍လည်းကောင်း၊ ဒေါက်တာ ခင်မောင်ညိုက လူငယ်များ အောင်မြင်တိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

၁၉၇၅ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၅ ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း ရွှေဘဲစားသောက်ဆိုင် (ကန်တော်မင်)ပုဂံခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဦးအောင်ဝင်း ဖုန်း-၀၆၇-၄၁၀၀၉၉၊ ဦးကျော်ဝင်း ဖုန်း-၀၆၇-၄၀၇၅၈၁၊ ဒေါ်ဌေးဌေးဝင်း ဖုန်း-၀၁-၅၃၇၈၄၃၊ ဒေါ်ခင်မာဝေ ဖုန်း-၀၁-၅၂၇၁၅၆၊ ဦးခင်လတ် ဖုန်း-၀၁-၂၅၃၂၀၄၊ ဦးသန်း ဖုန်း-၀၁-၅၂၄၆၂၉ နှင့် ဦးတင့်လွင် ဖုန်း- ၀၉-၈၅၈၆၁၂၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ *(မြန်မာ့အလင်း)*

ဖေဖော်ဝါရီ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲကို အထက(၁) မြရောခန်းမ၌ ကျင်းပရာ မင်္ဂလာဒုံမြို့နယ်နေ ဦးစိုးမြင့်-ဒေါ်ခင်လေးရီ၊ သားကြီး မောင်ဟိန်းသူ (တပ်မတော်ဆေးတက္ကသိုလ်)၊ သားငယ် မောင်စွမ်းလူ (ရတနာပုံဆိုင်ဘာစီးတီး နည်းပညာတက္ကသိုလ်)၊ သမီးငယ် မဓီတာရွှေ (ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း) နယူးရွှေစင်-စိန်ရွှေရတနာဆိုင်မိသားစုက ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအောင်စိုး လက်ခံယူစဉ်။ (ပညာရေး)

မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် အထက(၁) မေတ္တာရိပ်ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ တက်ရောက်အားပေးကြရန်နှင့် အသေးစိတ်သိရှိလိုပါက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း-၂၅၂၇၇၇၊ ၀၉-၅၁၉၇၇၇၇၊ ဦးချိုအေး(ACA) ဖုန်း-၆၉၁၁၂၃၊ ၀၉-၈၀၂၀၄၀၀၊ ဦးစိုးသန်း ဖုန်း-၅၅၈၆၉၈၊ ၅၅၉၀၇၄၊ ဦးချစ်အောင် ဖုန်း-၇၃၀-၂၂၀၆၂၊ ဒေါ်လှသန်း ဖုန်း-၆၉၁၁၈၂၊ ၇၃၀-၁၀၅၅၈နှင့် ဒေါ်ဆောင်းသီတာ (သက်လုံအထူးကုဆေးခန်း) ဖုန်း-၆၉၀၂၂၇၊ ၀၉-၅၀၀၄၃၁၉ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျုံပျော်၌ ကျေးလက်တံတား တည်ဆောက်

ကျုံပျော် ဖေဖော်ဝါရီ ၇

ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဆွေနှင့် ခရိုင်စိုက်တိုးမြှင့်အဖွဲ့တို့သည် ဇန်နဝါရီ ၂၂ ရက်က ကျုံပျော်မြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းစု၊ လှည်းဆိပ်-ဝက်ချောင်းလမ်းပေါ်ရှိ ကျုံကဒွန်းကျေးလက်တံတား ဆောက်လုပ်မှုအခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြီးစီးနေ

အဆိုပါ တံတားသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် တံတားဖြစ်ပြီး (၈၀×၁၂×၁၅)ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ကာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၁၁ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား (၅၉)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး သဃ်္န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏ၌ ကျင်းပရာ ဗိုလ်လုပွဲစဉ်များအပြီးတွင် အမျိုးသမီး မီတာ ၄၀၀ လေးယောက်လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသော မြို့တော်စည်ပင်အသင်းနှင့် တတိယဆုရရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ကလည်းကောင်း၊ အမျိုးသားမီတာ ၄၀၀ လေးယောက် လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသောမြို့တော်စည်ပင်အသင်း၊ ဒုတိယဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့်တတိယဆုရရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့အား မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးစံထွန်းကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက လည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အသင်းအား မြန်မာနိုင်ငံ ပြေးခုန်ပစ်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကလည်းကောင်း၊ စုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်း အသီးသီးတံခွန်စိုက်ဒိုင်းဆုများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(ယာပုံ) (သတင်းစဉ်)

အထက်ပိုင်းဒေသများ ညအပူချိန်များ လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၈ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၈ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ထူးခြားသည့် ညအပူချိန်များ

၇-၂-၂၀၁၁

ဟားခါးမြို့	-၂ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၃ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၃ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၃ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၃ ဒီဂရီစင်တီဂရိတ်

မြောက်ဥက္ကလာပ အလက(၁) (ယခင်ပွင့်ကောင်းကျောင်း) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အလက(၁) မြောက်ဥက္ကလာပ(ယခင်ပွင့်ကောင်းကျောင်း)၌ ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများက ၁၉၆၀ ပြည့်နှစ်မှ ၂၀၁၁ခုနှစ်အထိ တာဝန်ထမ်းဆောင် ပညာသင်ကြားပေးခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများအား ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ကျောင်းရှိ ၎ဝါခန်းမဆောင်၌ ပဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ကျောင်း ဖုန်း-၆၉၉၃၆၃၊ ဦးတင်စိုး ဖုန်း-၀၉-၅၀၂၅၈၄၈၊ ဦးတင်ထွန်း ဖုန်း-၀၉-၄၉၂၃၄၈၃၅၊ ဒေါက်တာခင်မောင်ဝင်း (ခရမ်း)၊ ဦးဟုတ်စိန် ဖုန်း-၀၉-၅၀၉၄၉၁၂၊ ဦးခင်ဇော်(စွဲလန်း) ဖုန်း-၀၉-၅၁၆၂၁၄၁၊ ဦးမြင့်ဆွေ(မင်္ဂလာဈေး) ဖုန်း-၇၃၀-၄၂၆၃၂၊ ဦးမောင်မောင်စိုး ဖုန်း-၀၉-၄၉၃၁၃၉၅၆၊ ဦးလမင်း-ဒေါ်တင်တင်ဝင်း (၎ဝါကားပစ္စည်းဆိုင်) ဖုန်း-၆၆၁၃၁၆၊ ဦးတင်ဝင်း(ဥက္ကလာဂေါက်ကွင်း) ဖုန်း-၀၉-၅၀၁၂၉၂၃၊ ကိုသိန်းစိုး ဖုန်း-၇၃၀-၉၉၇၃၃၊ ကိုဇော်မင်း ဖုန်း-၀၉-၅၁၄၀၂၆၆၊ ကိုကျော်ခေါင် ဖုန်း-၀၉-၅၀၈၆၅၆၆၊ ကိုအောင်စိုး(Video) ဖုန်း-၇၃၀-၃၇၇၇၀၊ ကိုဝင်းနိုင် ဖုန်း-၇၃၀-၆၄၇၇၆၊ ကိုထွန်းရီ(၃၄-လမ်း) ဖုန်း-၀၉-၈၀၂၁၈၅၈၊ ဒေါ်ခင်အေးဝင်း ဖုန်း-၇၃၀-၆၄၂၀၇၊ ဒေါ်ခင်လေးငယ် ဖုန်း-၇၃၀-၁၀၆၂၆၊ ဒေါ်ခင်ဇီဝါ ဖုန်း-၀၉-၅၀၅၉၇၆၃၊ ဒေါ်ဝင်းချိုချို ဖုန်း-၇၀၀၇၂၂၊ မနန်းနွယ်စိုး (ဒေါင်းမင်း) ဖုန်း-၀၉-၅၂၃၀၇၅၇ နှင့် ကိုဝင်းဗိုလ် ဖုန်း-၀၉-၅၁၈၀၉၈၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၅)

သံအမတ်ကြီး ဦးသန့်ကျော်က ဥရောပကောင်စီဥက္ကဋ္ဌထံ ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့အကြီးအကဲ သံအမတ်ကြီး ဦးသန့်ကျော်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ဘရပ်ဆဲလ်မြို့၌ဥရောပကောင်စီဥက္ကဋ္ဌ မစ္စတာ ဟာမန် ဗင် ရွမ်ဖိုင်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးသန့်ကျော်က ဥရောပကော်မရှင်ဥက္ကဋ္ဌထံ ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့အကြီးအကဲ သံအမတ်ကြီး ဦးသန့်ကျော်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဥရောပကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ဟိုစေး မန်နူရယ် ဘာရိုစိုထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦးကျော်တင်အား ကနေဒါနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်အား ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀	၂။	အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၁၅	၈။	အကပြိုင်ပွဲ
၈:၂၅	၉။	(၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၀၅	၂။	ကြေးမုံရိပ်သွင်တေးနယ်ညိ
၄:၂၀	၃။	(၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄:၃၀	၄။	၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သမိုင်းဘာသာရပ်)
၄:၅၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၆။	(၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၁၅	၇။	ရင်မှာစွဲထင်တေးအလှသံစဉ်
၅:၃၀	၈။	**ကြယ်စင်ဥယျာဉ်**
၆:၀၀	၉။	ညနေခင်းသတင်း
၆:၁၅	၁၀။	မိုးလေဝသအခြေအနေ
၆:၂၀	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၇)
၇:၄၀	၁၃။	**ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ**(အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**ရယ်စရာဟာသများ**
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၁)

iora (Singapore) အမျိုးသမီးဝတ် ဆိုင်သစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၇

Silver Tiger Co., Ltd. နှင့် iora Fashion PTE Ltd. တို့ ကြီးမှူးစီစဉ်သော iora(Singapore) အမျိုးသမီးဝတ် အထည်မျိုးစုံ ပထမဆုံးဆိုင်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၁ နာရီတွင် အဆိုပါဆိုင်သစ်တည်ရှိရာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း အမှတ်(၄၅)ရှိ တော်ဝင်စင်တာ မြေညီထပ် ဆိုင်ခန်းအမှတ်(၁၀၁၃)၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆိုင်သစ်ဖွင့်ပွဲတွင် iora Fashion PET Ltd Sale & Marketing Manager Ms. TEOTOONLIN၊ ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီမေသန်းနု၊ Silver Tiger Co., Ltd. Director မမဒွီတင်လတ်နှင့် ရုပ်ရှင်သရုပ်ဆောင် မယ်လိုဒီတို့ကဆိုင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ iora အမျိုးသမီးဝတ် အထည်မျိုးစုံသည် Singapore ဆိုင်၏ ရောင်းအားအကောင်းဆုံးနှင့် အမျိုးသမီးအများစု ကြိုက်နှစ်သက်လက်ခံသော အရည်အသွေးအကောင်းဆုံး အထည်များဖြစ်ပြီး Singapore သတ်မှတ်ထားသော ဈေးနှုန်းအတိုင်း ရောင်းချပေးသော ဝယ်ယူရသည့် ဈေးနှုန်းနှင့် ညီမျှထိုက်တန်သော အဝတ်အထည်ကောင်းများဖြစ်သည်။

မေးမြန်းဝယ်ယူနိုင်

၎င်း iora အမျိုးသမီးအဝတ်အထည်များသည် အသက် ၁၈ နှစ်မှ အထက် အမျိုးသမီးများ အားလုံး ဝတ်ဆင်နိုင်ပြီး ပွဲလမ်းသဘင်နှင့် အခမ်းအနားများ၊ ရုံး၊ ကျောင်းနှင့် နေရာဒေသမရွေး ဝတ်ဆင်နိုင်သည်။ လက်လီ၊ လက်ကားဝယ်ယူလိုသူများ အနေဖြင့် ဆက်သွယ်ရန်မှာ ဆိုင်ခန်းအမှတ်(၁၀၁၃) (မြေညီထပ်) တော်ဝင်စင်တာ ပြည်လမ်း ဒဂုံမြို့နယ် ဖုန်း-(၆၈၀၀၁၁၁၊ လိုင်းခွဲ (၁၀၁၃)သို့ ဆက်သွယ် မေးမြန်းဝယ်ယူနိုင်ပြီး အခြားဆိုင်ခွဲများ ဆက်လက်ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမက(၃၈) သာကေတ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကြည်မောင်ဝင်းက ဒုတိယတန်း(က)တွင် ပထမဆုရရှိသူ မချစ်စနီးအောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

နိုင်ငံတကာသတင်းများ

ရွေးချယ်တင်မြှောက်ခံရသည့် မြန်မာခေါင်းဆောင်များထံသို့ ဗီယက်နမ်ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ဟနွိုင်း ဖေဖော်ဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးသိန်းစိန်ထံသို့ ဗီယက်နမ်သမ္မတ ငုယင်မင်ကျစ်နှင့် ဝန်ကြီးချုပ် ငုယင်တန်ဇွန်းတို့က ဖေဖော်ဝါရီ ၅ ရက်တွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပူးတွဲသဝဏ်လွှာတစ်စောင်ပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာ၌ သမ္မတဦးသိန်းစိန်၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပိုမိုအောင်မြင်မှုများ ရရှိစေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့အသိုက်အဝန်းတွင်လည်း တည်ငြိမ်အေးချမ်းရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများ၌ ပိုမိုပါဝင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ဗီယက်နမ်ခေါင်းဆောင်များက အခိုင်အမာယုံကြည်ပါကြောင်း ဖော်ပြထားသည်။

ထိုနေ့၌ပင် ဗီယက်နမ်နိုင်ငံဒုတိယသမ္မတ ငုယင်သီဒွံးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ)မောင်အုန်းတို့ထံသို့ ဂုဏ်ယူဝမ်းမြောက် ကြိုဆိုပါကြောင်း သဝဏ်လွှာများပေးပို့ခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၁ရက်ကလည်း ဗီယက်နမ်အမျိုးသားညီလာခံဥက္ကဋ္ဌ ငုယင်ဖူထရန်က ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးခင်အောင်မြင့်တို့ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။ **(ဗီယက်နမ်သတင်းဌာန၊ အမ်အင်န်အေ)**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံသို့ ဘရူနိုင်းနိုင်ငံအကြီးအကဲ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ဘန်ဒါဆရီဘီဂါဝမ် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးသိန်းစိန်ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံအကြီးအကဲ ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယားက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် အဆွေတော်ရွေးချယ်တင်မြှောက်ခံရသည့်အတွက် နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုစွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးသာမက ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ် အသီးသီးတွင်လည်း ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။ **(ဘရူနိုင်းသတင်းဌာန၊ အမ်အင်န်အေ)**

သမိုင်းမတင်မီက ငှက်နှစ်မျိုး ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ်တွေ့ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၇

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ် ဒင်နာလီအမျိုးသားဥယျာဉ်မှ မကြာမီက တူးဖော်တွေ့ရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများကို အာတိတ်ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်တစ်ဦးဖြစ်သူ တိုနီဖီယိုရီလိုက လေ့လာခဲ့ရာ သမိုင်းမတင်မီက ငှက်အမျိုးအစားနှစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများ **(အောက်ပုံ)** ဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဖေဖော်ဝါရီ ၇ ရက်က ပြောကြားသည်။

ရှေးအကျဆုံးငှက်

ယင်းဒေသမှ ကျောက်ဖြစ်ရုပ်ကြွင်းများအဖြစ် ကျန်ရစ်ခဲ့သည့် ငှက်အများအပြားအနက် ရှေးခေတ်ငှက်မျိုးနှစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်နေသည့် အားလျော်စွာ တိုနီဖီယိုရီလို ဦးဆောင်သည့် သုတေသနအဖွဲ့က အဆိုပါ ငှက်နှစ်မျိုးမှာ ရှေးအကျဆုံး ငှက်အမျိုးအစားများဖြစ်သည်ဟု ဆိုသည်။ တိုနီဖီယိုရီလိုသည် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဖြစ်သကဲ့သို့ ဒါးလက်စ်သဘာဝသိပ္ပံပြတိုက်၏ ပြတိုက်မှူးလည်း ဖြစ်သည်။

(အင်တာနက်)

အီရန်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု မဂ္ဂါဝပ် ၆၀၀၀၀ အထိ တိုးတက်လာ

တီဟီရန် ဖေဖော်ဝါရီ ၇

အီရန်နိုင်ငံမြောက်ပိုင်း ဆင်နန်ဓာတ်အားပေးစက်ရုံမှ ဓာတ်ငွေ့တာဘိုင်သုံးလုံးအနက် ပထမ စက်တစ်လုံးကို ဖေဖော်ဝါရီ ၆ရက်က စတင်လည်ပတ်ခြင်းဖြင့် အီရန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏမှာ မဂ္ဂါဝပ် ၆၀၀၀၀အထိ ရှိလာပြီဖြစ်ကြောင်း အိုင်အက်စ်အင်န်အေသတင်းဌာနက ကြေညာသည်။

ဆင်နန် ဓာတ်အားပေးစက်ရုံ တာဘိုင် စက်တစ်လုံးမှ လျှပ်စစ်ဓာတ်အား ၁၆၂ မဂ္ဂါဝပ် ထုတ်လုပ်ပြီးနောက် ယင်းကို အီရန် နိုင်ငံ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပေးလိုက်သည်ဟု အဆိုပါ သတင်းဌာနက ကြေညာသည်။ လျှပ်စစ်ဓာတ်အား ၄၈၆ မဂ္ဂါဝပ် ထုတ်နိုင်သည့် ဆင်နန်ဓာတ်အားပေး စက်ရုံ၏ ဓာတ်ငွေ့တာဘိုင်စက်သုံးလုံး တည်ဆောက်ရေးအတွက် ဒေါ်လာသန်း ၁၆၀ကျော် ရင်းနှီးမြှုပ်နှံထားသည်ဟု သိရသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံတစ်ဝန်းအကြမ်းဖက်မှု လေးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၇

အီရတ်နိုင်ငံတစ်နံတစ်လျားတွင် ဖေဖော်ဝါရီ ၆ရက်က အကြမ်းဖက်မှု၊ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး ၁၆ဦး ဒဏ်ရာရရှိသွားကြောင်း ဖေဖော်ဝါရီ ၇ရက် အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ် ဖလူဂျာမြို့ အရှေ့ပိုင်းတွင် ဖေဖော်ဝါရီ ၆ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားသဖြင့် အယ်ဟာလာဆာလူမျိုးစုခေါင်းဆောင်တစ်ဦးသေဆုံးပြီး အခြားလူမျိုးစု ခေါင်းဆောင်နှစ်ဦး ဒဏ်ရာရသွားသည်။ နိုင်ငံမြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်မှ သီးခြားဗုံးခွဲတိုက်ခိုက်မှုနှစ်ခုတွင်လည်း အရပ်သားနှစ်ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့ပြီး ဘဂ္ဂဒက်မြို့တော်တွင် သေနတ်သမားများက ပစ်သတ်လိုက်သဖြင့် အရပ်သားတစ်ဦး သေဆုံးသွားကြောင်း သတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➢➢➢➢➢➢➢➢➢ မိုးမြင့်လင်းလက် - ရေးသားသည် ➢➢➢➢➢➢➢➢➢

သြစတြေးလျအနောက်ပိုင်း တောမီးလောင် နေအိမ် ၄၀ ကျော် မီးလောင်ပျက်စီး

ဆစ်ဒနီ ဖေဖော်ဝါရီ ၇

သြစတြေးလျအနောက်ပိုင်း ပတ်သ်မြို့၏ အရှေ့တောင်ဘက်ဆင်ခြေဖုံးတစ်နေရာဖြစ်သော ရိုးလင်းစတုန်းဒေသတွင် မထိန်းချုပ်နိုင်သေးသည့် တောမီးလောင်မှုကြောင့် လူနေအိမ် ၄၀ ကျော် မီးလောင်ပျက်စီးသွားပြီဖြစ်ကြောင်း သြစတြေးလျထိပ်တန်းမီးသတ်အရာရှိ ဂျွန်မက်မီလန်က ဖေဖော်ဝါရီ ၇ရက်တွင် ပြောကြားလိုက်သည်။ **(အပေါ်ပုံ)**

မီးငြှိမ်းသတ်

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် သက်စွန့်ဆံဖျား မီးငြှိမ်းသတ်ကြရကြောင်း ၎င်းကပြောကြားသည်။

ယခုအချိန်အထိ တောမီးလောင်မှုကြောင့် လူအသေအပျောက်မရှိကြောင်း၊ ပတ်သ်မြို့ ဆင်ခြေဖုံးနှစ်နေရာဖြစ်သည့် ရိုးလင်းစတုန်းနှင့် ဆွမ်းတောင်ကြားတို့မှ တောမီးလောင်မှုနှစ်ခုစလုံး ထိန်းမရသေးကြောင်း၊ လေပြင်းများဆက်လက်တိုက်ခတ်နိုင်သေးကြောင်း ဂျွန်မက်မီလန်က ခန့်မှန်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မောင်းသူမဲ့ဂျက်လေယာဉ် သရုပ်ပြစမ်းသပ်ပျံသန်း

ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၇

အမေရိကန်နိုင်ငံက လူလိုက်ပါခြင်းမရှိဘဲ မောင်းနှင်နိုင်သည့် ဂျက်တိုက်လေယာဉ်တစ်စင်းကို အောင်မြင်စွာ သရုပ်ပြ စမ်းသပ်ပျံနိုင်ခဲ့ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စမ်းသပ်ပျံသန်း

အဆိုပါ ဂျက်တိုက်လေယာဉ်ကို X-47B ဟုအမည်ပေးထားပြီး အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အက်ဒ်ဝပ်လေတပ် အခြေစိုက်စခန်းမှ ဖေဖော်ဝါရီ ၆ ရက်တွင် စမ်းသပ်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြထားသည်။ **(အောက်ပုံ)**

ယင်းတိုက်လေယာဉ် အမျိုးအစားသစ်သည် လေယာဉ်တင်သင်္ဘောများတွင် တင်၍ လွယ်ကူစွာ ဆင်းသက်ပျံသန်းနိုင်အောင် ထုတ်လုပ်ထားကြောင်း၊ ၎င်းလေယာဉ်သည် အဝေးထိန်းစနစ်ဖြင့် ဖေဖော်ဝါရီ ၆ ရက်က ၂၉ မိနစ်ကြာ စမ်းသပ်ပျံသန်းခဲ့ကြောင်း အမေရိကန်ရေတပ် တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ့သင်္ဘောတည်ဆောက်ရေးလုပ်ငန်း တောင်ကိုရီးယားဦးဆောင်ရန် ကြိုးပမ်းမည်

ဆိုးလ် ဖေဖော်ဝါရီ ၇

ကမ္ဘာလုံးဆိုင်ရာ သင်္ဘောတည်ဆောက်ရေးကုမ္ပဏီများက ၎င်းတို့၏ သမိုင်းတွင် အကြီးဆုံးပြန်လည်ဖွဲ့စည်းရေး အပြောင်းအလဲတစ်ခုပြုလုပ်နေစဉ် တောင်ကိုရီးယားနိုင်ငံက ၎င်းတို့၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းကို ကျယ်ကျယ် ပြန့်ပြန့်ဖွဲ့စည်းကာ ကမ္ဘာ့သင်္ဘောတည်ဆောက်ရေးကို ဦးဆောင်ရန် ကြိုးစားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖေဖော်ဝါရီ ၇ ရက်က ဖော်ပြသည်။ (အပေါ်ပုံ)

ကမ္ဘာ့အကြီးဆုံးသင်္ဘောတည်ဆောက်ရေးကုမ္ပဏီဖြစ်သည့် ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်းကဲ့သို့သော အကြီးစားသင်္ဘောတည်ဆောက်ရေးကုမ္ပဏီများက လက်ရှိကမ္ဘာလုံးဆိုင်ရာ သင်္ဘောတည်ဆောက်ရေးကို ဦးဆောင်ရန် ကြိုးစားတော့မည်ဖြစ်သည်။

ထိပ်တန်းကုန်စည်ပို့ဆောင်ရေးကုမ္ပဏီများကလည်း ရေနံဈေးနှုန်းမြင့်တက်မှုကို ကာမိစေရန်နှင့် ကုန်ပို့ခသက်သာစေရေးအတွက် လောင်စာဆီသက်သာသည့် သင်္ဘောများကို ဝယ်ယူလာကြရာ ၎င်းသင်္ဘောများကို ဦးစားပေးထုတ်လုပ်မည်ဖြစ်သည်။

တောင်ကိုရီးယားသင်္ဘောတည်ဆောက်ရေးကဏ္ဍ၏ ပြန်လည်ဖွဲ့စည်းမှုနှင့် တည်ဆောက်မှုကို ယခုနှစ်တွင် အကြီးအကျယ်စတင်တော့မည်ဖြစ်ကြောင်း ကျွမ်းကျင်သူ လီဆုန်ချီက ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

8-2 (04).pmd 1 2/8/2011, 2:09 AM

မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန်　ဖေဖော်ဝါရီ　၇

မြန်မာပို့စ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၆)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် နိုင်ငံတော်သမ္မတအဖြစ် ဦးသိန်းစိန်၊ ဒုတိယသမ္မတအဖြစ် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ)မောင်အုန်းတို့အား ရွေးချယ်တင်မြှောက်၊ နွေရာသီတွင် ယခင်နှစ်ကထက် လျှပ်စစ်ဓာတ်အား တိုးမြင့်ရရှိမည်၊ ဇန်နဝါရီအတွင်း ခရီးသည်တင်ယာဉ်နှစ်စီး မီးလောင်အများစုမှာ ဂက်စ်ပိုက်လိုင်းကြောင့်ဖြစ် စသည့်မျက်နှာဖုံးသတင်းများ၊ မောင်စူးစမ်း၊ မောင်သိန်းညွှန့်(ကောကရိတ်)၊ ပြည်စိုး၊ စောရွှေသန်း(အလုံ)၊ ကြည်ခင်တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများဖော်ပြထားသည်။ မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အနုပညာသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်းများ၊ မော်တော်ယာဉ်မှုခင်း သတင်းများ၊ ပြည်တွင်း ပြည်ပ အားကစားသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ် တိုက်ရိုက်လေကြောင်းလိုင်း အမြန်ဆုံးပြေးဆွဲရန် နှစ်နိုင်ငံသဘောတူညီမှုရရှိ၊ အာဆီယံစီးပွားရေး တိုးတက်ရန် မြန်မာနိုင်ငံကို အာဆီယံ+၃ ကူညီမည်၊ အိမ်ခြံမြေဈေးကွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြီးမားကျယ်ပြန့်လာတော့မည်၊ မြန်မာအပါအဝင် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုမြှင့်တင်ရန် ဘာရိန်းနိုင်ငံစီစဉ်၊ အွန်လိုင်းမှ ဖုန်းခေါ်ဆိုခ ပေးချေသည့်စနစ် ဆောင်ရွက်ပေးမည့် AGD ဘဏ်ခွဲ စသည့် စိတ်ဝင်စားဖွယ် သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ဇီးကုန်း-ကာဘိုး ကျေးလက်ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်

နေပြည်တော်　ဖေဖော်ဝါရီ　၇

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဖေဖော်ဝါရီ ၂ ရက်က မုံရွာမြို့၌ကျင်းပသည့် ဧရာဝတီဘဏ်လီမိတက်(မုံရွာဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ဧရာဝတီဘဏ်လီမိတက်(မုံရွာဘဏ်ခွဲ)ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ဘဏ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဘဏ်အဆောက်အအုံသစ်အတွင်း နေရာချထားမှုများကို လှည့်လည်ကြည့်ရှုကြသည်။ ဆက်လက်၍ တိုင်းမှူးသည် ကန့်ဘလူမြို့နယ် ကာဘိုးစံပြကျေးရွာ ဇီးကုန်း-ကာဘိုးကျေးလက်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

ရန်ကုန်　ဖေဖော်ဝါရီ　၇

WISE International School for Executives မှ Certificate in Human Resource Management အမည်ရှိ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီခွဲမှ ၈နာရီအထိ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများနှင့် လက်တွေ့အကြောင်းအရာများကို နားလည်သဘောပေါက်စေရန်၊ လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသော ဝန်ထမ်းကောင်းများအား ရွေးချယ်ခန့်အပ်နိုင်စေရန်၊ ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း စွမ်းဆောင်ရည်ပြည့်ဝစွာနှင့် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရန်၊ လိုအပ်သောစွမ်းရည်ရှိနိုင်ရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်၊ စွမ်းရည်ပြည့်ဝသော ဝန်ထမ်းများ လုပ်ငန်းခွင်တွင် တည်မြဲစေရေးအတွက် လုပ်ဆောင်ချက်များ မှန်ကန်စေရန်၊ ဝန်ထမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ သဘောတရားများကို ပိုမိုသိရှိစေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

ဆွေးနွေးမည်

Workgroup Presentation များလုပ်ခြင်း၊ Strategic Game များကစားခြင်း၊ Group Discussion များ စသည့် သင်တန်းသားအခြေပြုသင်ကြားမှု ပုံစံများကိုအသုံးပြု၍ Human Resource Management ကို ဝါရင့်အတွေ့အကြုံရှိ Ph.D ဘွဲ့ရဆရာမကြီးများက အထူးဆွေးနွေးမည်ဖြစ်သည်။

သင်တန်းကာလမှာ နာရီ ၂၀ ကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများနှင့် တက်ရောက်လိုသူများသည် WISE International School for Executives အခန်းအမှတ် (၁၀၀၉) ၁၀ ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ဆက်သွယ်စုံစမ်း ကြိုတင်စာရင်းပေးသွင်းနိုင်သည်။

သင်ကြား

Member Program အသင်းဝင်များအား သင်တန်းကြေး ၄၀ ရာခိုင်နှုန်းကို ထပ်မံလျှော့၍ ခံစားခွင့် ပေးသွားမည်ဖြစ်သည်။ Member Program တွင် အသင်းဝင်လိုသူများသည် WISE International School for Executives, Member Department သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်းနှင့် Business လုပ်ငန်းနှင့် ပတ်သက်သော Management သင်တန်းများကို လစဉ် ဖွင့်လှစ်သင်ကြားပို့ချနေကြောင်း သိရှိရသည်။

(သတင်းစဉ်)

ငွေချည်(၆) ဝါအထွက်နှုန်းမှန်ကန်ရေး ကန့်ဘလူ၌ စံကွက်ရိတ်သိမ်း

ကန့်ဘလူ　ဖေဖော်ဝါရီ　၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် စန္ဒယားကျေးရွာအုပ်စု ကွင်းအမှတ် (၅၁၂)၊ ဦးပိုင်အမှတ် (၅၆) တောင်သူဦးညို၏ ငွေချည် (၆)ဝါစိုက်ခင်း၌ ဇန်နဝါရီ ၂ ရက်က ရွှေဘိုခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလှိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းလင်းနှင့် ဝန်ထမ်းများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးမြင့်မောင်၊ ဝါနှင့်ပိုးချည်လုပ်ငန်းမန်နေဂျာ ဦးတင့်ဆွေနှင့်ဝန်ထမ်းများ လိုက်ပါလျက် ငွေချည် (၆) စိုက်ဧက သုံးဧကကို အထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် ၄၆၇ ပိဿာနှုန်း ထွက်ရှိကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဆားမော်ချောင်းကူးတံတားတည်ဆောက်နေမှုကို ဇန်နဝါရီ ၂၅ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးဝင်းဇော်ဦး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးယဉ်မင်းကျော် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု လမ်းသစ်များဖွင့်

ချောင်းဆုံမြို့နယ်၌ အရှည် ၉၈၂ ပေ၊ အကျယ် ၁၂ ပေရှိ ချောင်းဆုံ-ကုလားတို့ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမိုးမြင့်၊ ဒေသခံတပ်နယ်မှ ဗိုလ်ကြီးနိုင်လင်းဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေးမြို့ ရန်မျိုးအောင်ရပ်ကွက်၌ အရှည် ၉၅၃ ပေ၊ အကျယ် ၁၈ ပေရှိ ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အိမ်မဲမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း အိမ်မဲကြီးရပ်ကွက်၌ ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ အဆိုပါလမ်းကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

သာယာဝတီမြို့နယ်၌ ကျောက်တွင်း-ရန်ကင်းတောင် လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်ကကျင်းပရာ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းဇော်၊ ခရိုင်ဥက္ကဋ္ဌ ဦးလှမျိုးနှင့် အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နေပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ သီရိမင်္ဂလာလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု
(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ကရင်ပြည်နယ်တစ်ခွင်

● *ရွှေဖုံးမှ*

သံလွင်၊ အတ္တရံ၊ ဂျိုင်းမြစ်များပေါ်တွင် ယခင်က တံတားမဆင်၍ အသွားမတွင်သည့်ဘဝမှ ယခုမြစ်ကူးတံတားကြီးများကို ဆင်ယင်တည်ဆောက်ပေးနိုင်သဖြင့် သွားလမ်းသာ၍ လာလမ်း ဖြောင့်နေပြီဖြစ်သည်။ ယခင်က လမ်းမိုင် တစ်ထောင်ကျော်သာရှိရာမှ ယခု မိုင်သုံးထောင်ကျော်အထိ ရှိလာသည်။ ပြည်နယ်အတွင်း

သံလွင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် သံလွင်တံတား (ဘားအံ)က ဒေသခံတိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ကူးသန်းမှုအတွက် များစွာအထောက်အကူပြုလျက်ရှိနေပြီ ဖြစ်သည်။

ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	စိုက်ပျိုးမြေ	ဧက	၅၇၆၂၂၈	၉၉၁၃၁၅	၄၁၅၀၈၇
၂	မြစ်ရေတင်လုပ်ငန်း	ခု	-	၇	၇
၃	ကြိုးဝိုင်းတော	စတုရန်းမိုင်	၁၆၃၃·၃၂	၁၇၅၂·၃၂	၁၁၉
၄	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၁၇၃၃·၄၇	၁၇၃၃·၄၇
၅	ကားလမ်း	မိုင်	၁၀၇၈	၃၁၂၉	၂၀၅၁
၆	ပေ ၁၈၀ အထက်တံတား	စင်း	၁၀	၁၇	၇
၇	စာတိုက်စခန်း	ခု	၂၃	၃၇	၁၄
၈	ကြေးနန်းရုံး	ရုံး	၇	၁၅	၈
၉	တယ်လီဖုန်းရုံး	ရုံး	၅	၂၄	၁၉
၁၀	မိုက္ကရိုဝေ့ဗ်စခန်း	ခု	၁	၈	၇
၁၁	အသေးစားရေအားလျှပ်စစ်	ရုံ	၁	၈၉	၈၈
၁၂	နိုင်ငံပိုင်စက်ရုံ	ရုံ	၆	၇	၁
၁၃	ပုဂ္ဂလိကစက်ရုံ	ရုံ	၂၀၉	၅၈၆	၃၇၇
၁၄	အခြေခံပညာကျောင်း	ကျောင်း	၁၁၄၉	၁၃၃၈	၁၈၉
၁၅	တက္ကသိုလ်၊ ကောလိပ်	ခု	၁	၂	၁
၁၆	နည်းပညာတက္ကသိုလ်	ခု	-	၁	၁
၁၇	ကွန်ပျူတာတက္ကသိုလ်	ခု	-	၁	၁
၁၈	ဆေးရုံ	ရုံ	၁၆	၂၆	၁၀

အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရန်အတွက် ယခင်က ကောလိပ်တစ်ခုတည်းသာရှိရာမှ ယခုအခါ တက္ကသိုလ်တစ်ခု၊ ကွန်ပျူတာ တက္ကသိုလ်တစ်ခုနှင့် နည်းပညာတက္ကသိုလ်တစ်ခုစီ တည်ဆောက်ပေးထားသည်။ ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း ဆေးရုံ၊ ဆေးခန်းများ သိသာစွာ တိုးတက်ဖြစ်ထွန်းလာသည်။

ထို့အပြင် ပြည်နယ်၏အနာဂတ် ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် အကျိုးပြုဧက ၃၀၀၀ရှိမည့် ရေဘုတ်ရေလှောင်တမံ၊ ဝင်းယော်နှင့် ဟောင်သရောမြစ်တို့ကို ဖြတ်သန်းမည့် မြစ်ကူးတံတားကြီးများနှင့် ၇၃၂၅ မဂ္ဂါဝပ် ထုတ်လွှတ်ပေးမည့် ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းတို့ကို တည်ဆောက်ပေးလျက်ရှိသည်။

ကရင်ပြည်နယ်သည် နိုင်ငံတော်၏ စေတနာပန်းများ ပွင့်လန်းရာမြေ၊ သွေးချင်းတို့၏ ဌာနေဖြစ်သည်နှင့်အညီ ညီနောင်ပြည်နယ်နှင့် တိုင်းဒေသကြီးများနည်းတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ၁၉၈၈ ခုနှစ်ကာလနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများက နှိုင်းယှဉ်သက်သေပြလျက်ရှိသည်။ ။

စာမျက်နှာ ၇ ကော်လံ ၁သို့

တရုတ်လှ မြစ်ရေတင်စီမံကိန်း

ဘားအံမြို့နယ်ရှိ တရုတ်လှ မြစ်ရေတင်စီမံကိန်းကို ဤသို့တွေ့ရသည်။

8-2 (06).pmd 1 2/8/2011, 2:09 AM

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု
(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

စာမျက်နှာ ၆ မှ

ကွန်ပျူတာတက္ကသိုလ် (ဘားအံ)

အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးလျက်ရှိသည့် ကွန်ပျူတာတက္ကသိုလ် (ဘားအံ) ကို ခံ့ညားထည်ဝါစွာ ဤသို့တွေ့ရသည်။

ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ဆဲ စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁	ရေဘုတ်ရေလှောင်တမံ	လှိုင်းဘွဲ့မြို့နယ် သပုထိုကျေးရွာ	အကျိုးပြုဧက (၃၀၀၀)
၂	ဝင်းယော်တံတား	ကြာအင်းဆိပ်ကြီးမြို့နယ်	ပေ ၃၄၀
၃	ဟောင်သရောတံတား	ကြာအင်းဆိပ်ကြီးမြို့နယ်	ပေ ၂၇၀
၄	CDMA/GSM မိုဘိုင်းလ်ဖုန်း	ကရင်ပြည်နယ်	၃၉၀၁ လုံး
၅	GSM မိုဘိုင်းလ်ဖုန်း	ဘားအံမြို့၊ မြဝတီမြို့	၂၇၅၂ လုံး
၆	ဟတ်ကြီးရေအားလျှပ်စစ်	လှိုင်းဘွဲ့မြို့နယ်	၇၃၂၅ မဂ္ဂါဝပ်

ရေဘုတ် ရေလှောင်တမံ

မကြာမီပြီးစီးတော့မည့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရေဘုတ်ရေလှောင်တမံကို ရေဖွေးဖွေးဖြင့် ရှုမငြီးဖွယ် ဤသို့တွေ့မြင်ရသည်။

8-2 (07).pmd 1 2/8/2011, 2:09 AM

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြ

သန္နိပါတ သမဂ္ဂ ပြည်ထောင်စု
(ပေါင်းစုစည်းရုံးခြင်းနှင့် ညီညွတ်ခြင်း၏ ပြည်ထောင်စု)

မြင့်မောင် (PhilQ)



သစ်ပင် ပန်းမန် သစ်သီးဝလံတို့ ရှင်သန်ပွင့်သီးလာရေးမှာ မျိုးစေ့ပါမှဖြစ်နိုင်ကြသည်ဟု စကားဆိုလိုက်သည်နှင့်ယင်းသည် စကားအရာပဓာနနည်းဖြင့် ပြောဆိုလိုက်သော လောကပဓာန စကားကြီးတစ်ခွန်းဖြစ်ပါ၏။

အရေးကြီးသောမျိုးစေ့အကြောင်းတရားကို ပဓာနထား ပြောခြင်းဖြစ်သော်လည်း မြေ၊ ရေတို့နှင့်တကွ စိုက်ပျိုးသူ၏ လုံ့လဝီရိယတို့သည်လည်း အရေးပါသော အကြောင်းတရားများဖြစ်ကြောင်း ထုတ်ဖော်မပြောသော်မှ သိနားလည်ကြစမြဲပင်ဖြစ်ပါ၏။ ထိုနည်းတူစွာ....

"ပြည်ထောင်စု"ဟူသော ဝေါဟာရသဒ္ဒါသည် စကားအရာ ပဓာနနည်းဖြင့် ဖော်ပြထားသော ဝေါဟာရတစ်လုံးဟုဆိုထိုက်သည်။ **တိုင်းရင်းသား သွေးချင်းညီအစ်ကိုအပေါင်းတို့စုစည်းတည်ထောင်ထားသောပြည်ကြီး** အဖြစ် ပဓာနထား ဖော်ပြခြင်းဖြစ်သော်လည်း ထိုဖော်ပြချက်နောက်ကွယ်တွင် **ပြည်ထောင်စုနှင့်ထိုက်တန်သော တိုင်းရင်းသားလူမျိုးအားလုံး၏ ပေါင်းစုစည်းရုံးခြင်းနှင့် ညီညွတ်ခြင်း(သန္နိပါတသမဂ္ဂ)၊ ထို ပေါင်းစုစည်းရုံးခြင်းနှင့် ညီညွတ်ခြင်းကို ဖြစ်တည်စေသည့် ကာယကံ၊ ဝစီကံ၊ မနောကံမြောက် ကြိုးပမ်းအားထုတ်မှု၊ ဖြစ်တည်ရရှိလာသော ပေါင်းစုစည်းရုံးခြင်းနှင့်ညီညွတ်ခြင်းအား ခိုင်မာသည်ထက်ခိုင်မာအောင် တိုင်းရင်းသားအားလုံးက မပြတ်သောသတိဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်မှု**စသည့်အကြောင်းတရားတို့ကို ထုတ်ဖော်ပြောနေစရာမလို၊ အလိုလိုသိနားလည်ပြီးဖြစ်ရပေမည်။

အလေးအနက်ထားဆိုရသော် ပြည်ထောင်စုဟူသည် ထိုပြည်ထောင်စုအတွင်း မှီတင်းနေထိုင်လျက် ရှိကြသည့် ပြည်ထောင်စုသားတစ်ဦးချင်းစီ၏ ကာယကံ၊ ဝစီကံ၊ မနောကံမြောက် ဖော်ဆောင်လိုက်သော ပေါင်းစုစည်းရုံးခြင်းနှင့် ညီညွတ်ခြင်းကို ကိုယ်စားပြုထားသည့် ပဓာနအကျိုးတရားကြီးတစ်ခု ဖြစ်သည်။

အိမ်ကြီးအိမ်ကောင်းတည်ဆောက်သည့်အခါ ထိုအိမ်ကြီးအိမ်ကောင်း အရှည်သဖြင့် တင့်တယ်လှပရေး၊ ကြာရှည်လေးမြင့်ခိုင်ခံ့စေရေးအတွက် လိုက်ဖက်သည့်အမိုးကောင်းဖြင့်သာ မိုးအပ်သည်။ ပြည်ထောင်စုဆိုသောအိမ်ကြီး တည်ဆောက်ခဲ့ပြီးနောက် ထိုအိမ်ကြီးနှင့်ထိုက်တန်သည့် ပေါင်းစုစည်းရုံးခြင်းနှင့် ညီညွတ်ခြင်းဆိုသော အမိုးကောင်းဖြင့် မိုးအပ်သည်သာ။ အစဉ်အဆက် ထိုသို့ မိုးခဲ့သည့်အတွက်ကြောင့်လည်း ယနေ့အချိန်ထိအောင် ပြည်ထောင်စုဆိုသော အိမ်ကြီး ဆက်လက်တည်တံ့နေခဲ့ခြင်းဖြစ်သည်။ နောင်ဆက်လက်တည်တံ့နေအောင် ခိုင်ခံ့ကောင်းမွန်သည့် အမိုးဟု ဆိုထိုက်သည့် တစ်သားတည်းပေါင်း၊ တစ်သွေးတည်းစည်း၊ တစ်စုတည်းရုံး၊ တညီတည်းညွတ်သည့် စည်းလုံးညီညွတ်မှုတည်းဟူသော အမိုးကောင်း တည်ဆောက်ကာ ပြည်ထောင်စုကြီးကို မိုးကာကြရမည်ဖြစ်ပါ၏။

ပေါင်းစုစည်းရုံးခြင်းနှင့်ညီညွတ်ခြင်းကြောင့် အကျိုးစီးပွားဖြစ်ထွန်းခြင်း၊ ဘေးရန်ကင်း၍ ချမ်းသာခြင်း၊ မစည်းရုံး မညီညွတ်ခြင်း၌ ဘေးရန်များကာ ပျက်စီးလွယ်ခြင်းကို မြတ်ဗုဒ္ဓက **ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော၊ သမဂ္ဂါ သခိလာ ဟောထ၊ ဓေတံဗုဒ္ဓါန သာသနံ** ဟူ၍ ဟောတော်မူခဲ့သည်။ **မညီမညွတ် ငြင်းခုံခိုက်ရန်ဖြစ်ပွားခြင်းကို ပျက်စီးတတ်သော ဘေးဟုမြင်၍ ငြင်းခုံခိုက်ရန်မရှိ ပေါင်းစည်းစုဝေးညီညွတ်ခြင်းကို ဘေးရန်မရှိ ချမ်းသာခြင်းအတိဟုမြင်ကာ ညီညွတ်ကြရမည်၊ အပြေအပြစ်ရှိကြရမည်။ ဤသို့ အညီအညွတ် အပြေအပြစ်ရှိကြဟူသော အဆုံးအမသည် သတ္တဝါအပေါင်း၏ အကျိုးစီးပွားကို အလွန်လိုလားတော်မူသော ဘုရားအဆူဆူတို့၏ အဆုံးအမဖြစ်သည်ဟု ဟောဖော်ညွှန်ပြခဲ့ခြင်းဖြစ်သည်။**

ထို့မျှသာမက **"သမဂ္ဂါနံ တပေါ သုခေါ"** ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်သည်။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏အကြောင်းဖြစ်သည်ဟုလည်း မိန့်ဆိုဟောကြားခဲ့သည်။ အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ သာရန္ဒဒသုတ်တွင်လည်း **ပေါင်းစုစည်းရုံးမှု၊ ညီညွတ်မှုရှိစွာ ဆောင်ရွက်ပါက ထိုသို့ ဆောင်ရွက်နေသမျှကာလပတ်လုံး ဆုတ်ယုတ်ရန်မရှိ၊ ကြီးပွားတိုးတက်ရန်သာရှိကြောင်း သန္နိပါတ သမဂ္ဂချီ အပရိဟာနိယတရားခုနစ်ပါးကို ဖော်ထုတ်ဟောပြခဲ့သည်။**

လူမှန်သမျှ အမှုကိစ္စတို့ ပြုလုပ်ရခြင်း၏အရင်းခံအကြောင်းတရားမှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှုကို ရရှိခံစားနိုင်ရန်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခုအတွက်ဆိုလျှင်လည်း တည်ငြိမ်အေးချမ်းမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားနိုင်ရန်ဖြစ်သည်။ ထိုအရင်းခံအကြောင်းတရားမှ လိုချင်သည့် အကျိုးတရားတို့ ထွက်ပေါ်လာရေးအတွက်ဆိုလျှင် ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအတွင်း အကျုံးဝင်သည့် လူတို့၏ရေးရာအဖြာဖြာကိုဆောင်ရွက်ကြသည့်အခါ ချမ်းသာမှု ခံစားရရှိရေးဆိုသည့် အကျိုးရလဒ်အတွက် ပဓာနအကြောင်းတရားမှာ သက်ဆိုင်သူအားလုံးတို့၏ ပေါင်းစုစည်းရုံးခြင်းနှင့် ညီညွတ်ခြင်းပင်ဖြစ်ပါ၏။

လူမှန်သမျှ အမှုကိစ္စတို့ ပြုလုပ်ရခြင်း၏ အရင်းခံအကြောင်းတရားမှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှုကို ရရှိခံစားနိုင်ရန်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခုအတွက်ဆိုလျှင်လည်း တည်ငြိမ်အေးချမ်းမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားနိုင်ရန်ဖြစ်သည်။ ထိုအရင်းခံအကြောင်းတရားမှ လိုချင်သည့်အကျိုးတရားတို့ ထွက်ပေါ်လာရေးအတွက်ဆိုလျှင် ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအတွင်း အကျုံးဝင်သည့် လူတို့၏ရေးရာ အဖြာဖြာကို ဆောင်ရွက်ကြသည့်အခါ ချမ်းသာမှု ခံစားရရှိရေးဆိုသည့် အကျိုးရလဒ်အတွက် ပဓာနအကြောင်းတရားမှာ သက်ဆိုင်သူအားလုံးတို့၏ ပေါင်းစုစည်းရုံးခြင်းနှင့် ညီညွတ်ခြင်းပင် ဖြစ်ပါ၏။

United we stand, divi
အနောက်တိုင်းပညာရှင် တစ်ဦးကလ
ညီညွတ်မှုမရှိခြင်း၏ရလဒ်ကို ထင်ရှားပေါ
ထားသည်။ ညီညွတ်လျှင် ရပ်တည်နိုင်မ
ပြိုကွဲမည်မှာ နိယာမပင်ဖြစ်ပါ၏။ ပိုက်ခ
ကို ကလေးငယ်တစ်ဦးပင် ဖြတ်တောက်ပစ်
များကို **အလျော့အတင်းညီအောင် စနစ်**
ထားအပ်သော ကြိုးကိုမူ အားကောင်းသ
ကြီးပင် လွတ်အောင်ရုန်းထွက်ရန် မစွမ်း
လျှင် အင်အားကြီးမားမည်။ ညီညွတ်မှုမ
မည်။ ညီညွတ်မှုမရှိသောကြောင့် အင်အ
သူတို့၏ နိုင်ထက်စီးနင်းဆက်ဆံမှုကို ခံ
အဆံမခံရအောင် တိုင်းရင်းသားပြည်သူအ
ညီညွတ်မှုကို အလျော့အတင်းညီစွာဖြင့်
ကျစ်လျစ်စွာ ဖွဲ့စည်းရပ်တည်ကြရေးသည်
ဧကန်တရားတစ်ခု ဖြစ်ပေသည်။

လောကတွင် အမျိုးမျိုးကွဲပြားမှု-နာ
ရှိသည်။

ကွဲပြားမှုဟူသ
အစိတ်စိတ်အဖြာဖြာ
တင်သလိုလည်းဖြစ်
ညီညွတ်မှု ကင်းမဲ့
နိုင်ငံတော်ကြီးကို ခ
နိုင်ငံတော်အဖြစ် တ
ဖယ်ရှားလျက် အမ
ဧကတ္တသဘောသို့
ကြိုးစားအားထုတ်ရန်

ကွဲပြားမှုဟူသည် ဘောင်ခတ်သ
သည်။ **အစိတ်စိတ်အဖြာဖြာသဘောလ**
ကို ရှေ့တန်း တင်သလိုလည်း ဖြစ်၏။
ဖြစ်လာသည်။ ညီညွတ်မှုကင်းမဲ့လာသည်
မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတ
ဝပြောသော နိုင်ငံတော်အဖြစ် တည်ဆော
ထိုသဘောတို့ကို ဖယ်ရှားလျက် အမျိ
တစ်ခုတည်းသော-ဧကတ္တ သဘော
တညွတ်တည်းဖြစ်အောင် ကြိုးစားအ
ပြည်ထောင်စုသားတိုင်းရင်းသားတို့ စုံလင
သဘောဖြစ်သော်လည်း စနစ်တကျ
ဖွဲ့စည်းအပ်သော စည်းလုံးညီညွတ်မှုအ
အားများအဖြစ် ထိုသဘောကို ရှုမြင်
ပြည်ထောင်စုသားတို့၏ ထိုထိုသော အ
စည်းရုံးညီညွတ်စွာ တည်ဆောက်လိုက်
သည် တစ်ခုတည်းသော ဧကတ္တသဘော
အလယ်တွင် ရပ်တည်နိုင်ခဲ့၊ ရပ
ပြည်ထောင်စုသားအားလုံးအတွက် ဂုဏ်
သမိုင်းမှတ်တမ်းပင်ဖြစ်ပါ၏။

ပြည်ထောင်စုဆိုသော သဒ္ဒါကို မြင
မည်သည့်အချိန်မဆို နောက်ကွယ်ရှိ စစ်
ကို ပြည်ထောင်စုသားမှန်သမျှ ဝိဝါဒကွဲ

United we stand, divided we fall ဟု အနောက်တိုင်းပညာရှင် တစ်ဦးကလည်း ညီညွတ်ခြင်းနှင့် ညီညွတ်မှုမရှိခြင်း၏ရလဒ်ကို ထင်ရှားပေါ်လွင်စွာ နှိုင်းယှဉ်ဖော်ပြထားသည်။ ညီညွတ်လျှင် ရပ်တည်နိုင်မည်။ ကွဲကြလျှင် ပျက်စီးပြိုကွဲမည်မှာ နိယာမပင်ဖြစ်ပါ၏။ ပိုက်ဆံလျှော်မျှင်လေးတစ်ပင်ကို ကလေးငယ်တစ်ဦးပင် ဖြတ်တောက်ပစ်နိုင်ပါသည်။ ထိုလျှော်မျှင်များကို **အလျော့အတင်းညီအောင် စနစ်တကျကျစ်၍ ဖွဲ့စည်းထားအပ်သော ကြိုးကိုမူ** အားကောင်းသန်မာလှသည့် ဆင်ပြောင်ကြီးပင် လွတ်အောင်ရုန်းထွက်ရန် မစွမ်းသာတော့ချေ။ ညီညွတ်လျှင် အင်အားကြီးမားမည်။ ညီညွတ်မှုမရှိလျှင် အင်အားနည်းပါးမည်။ ညီညွတ်မှုမရှိသောကြောင့် အင်အားနည်းလျှင် အားကြီးသူတို့၏ နိုင်ထက်စီးနင်းဆက်ဆံမှုကို ခံကြရမည်။ ထိုသို့ အဆက်အဆံမခံရအောင် တိုင်းရင်းသားပြည်သူအားလုံး မိမိတို့၏စည်းလုံးညီညွတ်မှုကို အလျော့အတင်းညီစွာဖြင့် စနစ်တကျသိပ်သည်းကျစ်လျစ်စွာ ဖွဲ့စည်းရပ်တည်ကြရေးသည် မရှိမဖြစ် ရှိမှဖြစ်သောဧကန်တရားတစ်ခု ဖြစ်ပေသည်။

လောကတွင် အမျိုးမျိုးကွဲပြားမှု-နာနတ္တ ဆိုသော သဘောရှိသည်။

သောအနက်ဖြင့်သာ သိမြင်ကြမည်ဖြစ်သည်။ မှန်ကန်သောအနက်သိမြင်မှုကို အရင်းခံပြုနိုင်မှသာ ပြည်ထောင်စုကြီးနှင့် ပြည်ထောင်စုသားတိုင်းရင်းသားတို့အပေါ် ချစ်ခင်မြတ်နိုးစိတ်တို့ တရှိန်ရှိန်ပေါ်ပေါက်လျက် မိမိတို့ချစ်သော ဤပြည်ထောင်စုကြီး အမြဲတည်တံ့နေစေရန် ကာကွယ်စောင့်ရှောက်လိုသည့် မွန်မြတ်သော သမ္မာဆန္ဒတို့ ဖြစ်ပေါ်မည်မှာ မလွဲပါပေ။

ဤမှန်ကန်မြင့်မြတ်သောဆန္ဒနောက်ဝယ် ကမ္ဘာတည်သရွေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်စေမည့် မှန်ကန်သော ကြံဆတွေးခေါ်မှု၊ မှန်ကန်သော အားထုတ်လုပ်ဆောင်မှုတို့ဖြင့် **စိတ်ဖြာမှုသဘော၊ မတူညီမှု အမြင်ကွဲပြားမှုသဘောများကို ဖယ်ရှားကာ တစ်ခုတည်းသော ပဓာန ပြည်ထောင်စုကြီးသဘောကို အစဉ်ဦးထိပ်ပန်ဆင်လျက် ပေါင်းစုစည်းရုံးခြင်းနှင့် ညီညွတ်ခြင်းရှိသူတို့၏ မြေ-သန္ဓိပါတ သမဂ္ဂ ပြည်ထောင်စုကြီးတည်ဆောက်သွားရေးသည် ဤပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်သူ ပြည်ထောင်စုသားတိုင်း ကျေပွန်စွာ ထမ်းရွက်ရမည့် ဘဝသမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။** ။

ကွဲပြားမှုဟူသည် ဘောင်ခတ်သည့် သဘောလည်းပါသည်။ အစိတ်စိတ်အဖြာဖြာ သဘောလည်းပါသည်။ မတူညီမှုကို ရှေ့တန်းတင်သလိုလည်းဖြစ်၏။ ထိုအခါ ဆန့်ကျင်ဘက်ဖြစ်လာသည်။ ညီညွတ်မှု ကင်းမဲ့လာသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ သာယာဝပြောသော နိုင်ငံတော်အဖြစ် တည်ဆောက်လိုပါလျှင် ဖော်ပြပါ ထိုသဘောတို့ကို ဖယ်ရှားလျက် အမျိုးမျိုးကွဲပြားမှုသဘောမှ တစ်ခုတည်းသော-ဧကတ္တသဘောသို့ ရောက်အောင် တညီတညွတ်တည်းဖြစ်အောင် ကြိုးစားအားထုတ်ရန် လိုပါ၏။

ကွဲပြားမှုဟူသည် ဘောင်ခတ်သည့် သဘောလည်းပါသည်။ အစိတ်စိတ်အဖြာဖြာ သဘောလည်းပါသည်။ မတူညီမှုကို ရှေ့တန်း တင်သလိုလည်း ဖြစ်၏။ ထိုအခါ ဆန့်ကျင်ဘက်ဖြစ်လာသည်။ ညီညွတ်မှုကင်းမဲ့လာသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ သာယာဝပြောသော နိုင်ငံတော်အဖြစ် တည်ဆောက်လိုပါလျှင် ဖော်ပြပါ ထိုသဘောတို့ကို ဖယ်ရှားလျက် အမျိုးမျိုးကွဲပြားမှုသဘောမှ တစ်ခုတည်းသော-ဧကတ္တ သဘောသို့ရောက်အောင် တညီတညွတ်တည်းဖြစ်အောင် ကြိုးစားအားထုတ်ရန် လိုပါ၏။ ပြည်ထောင်စုသားတိုင်းရင်းသားတို့ စုံလင်များပြားမှုသည် နာနတ္တသဘောဖြစ်သော်လည်း စနစ်တကျ သိပ်သည်းကျစ်လျစ်စွာ ဖွဲ့စည်းအပ်သော စည်းလုံးညီညွတ်မှုအတွက် လိုအပ်သော အားများအဖြစ် ထိုသဘောကို ရှုမြင်လက်ခံရမည်ဖြစ်သည်။ ပြည်ထောင်စုသားတို့၏ ထိုထိုသော အားကိုယ်စီဖြင့် ပေါင်းစုစည်းရုံးညီညွတ်စွာ တည်ဆောက်လိုက်သော ပြည်ထောင်စုကြီးသည် တစ်ခုတည်းသော ဧကတ္တသဘောကိုဆောင်ကာ ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်ခဲ့၊ ရပ်တည်လျက်ရှိသည်မှာ ပြည်ထောင်စုသားအားလုံးအတွက် ဂုဏ်ရောင်ထွန်းပြောင်သော သမိုင်းမှတ်တမ်းပင်ဖြစ်ပါ၏။

ပြည်ထောင်စုဆိုသော သဒ္ဒါကို မြင်ရ၊ ကြားရ၊ ဖတ်ရသည့် မည်သည့်အချိန်မဆို နောက်ကွယ်ရှိ စစ်မှန်သောအနက်သဘာဝကို ပြည်ထောင်စုသားမှန်သမျှ ဝိဝါဒကွဲပြားမှုမရှိ တစ်ခုတည်း

၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

မြန်မာမျိုးတို့ ကြိုးပမ်းစို့

* စွမ်းအားမကြွယ်၊ ထင်းချောင်းငယ်သည်
ချိုးလွယ် ကျိုးလွယ်၊ မတင့်တယ်လည်း
ထင်းငယ်ချောင်းများ၊ စုစည်းထားသော်
ကြီးမားကြံ့ခိုင်၊ စွမ်းအားမြိုင်၏။

* ဖျောက်ဆိပ်ကြယ်စင်၊ သေးငယ်မျှင်လည်း
ကောင်းကင်ကြယ်စု၊ စည်းလုံးမှုဖြင့်
တစ်ခုနာမည်၊ ကမ္ဘာတည်၏။

* ချစ်ကြိုးနှောင်သည့်
ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
တွဲထားလက်များ၊ စုစည်းအားဖြင့်
တိုင်းကား ပြည်ကျိုး၊ အားသွန်ကြိုးသော်
ဘိုးဘွားအမွေ၊ ငါတို့မြေသည်
ဝေစည်ဖွံ့ဖြိုး၊ အလှတိုး၍
လွှမ်းမိုးကမ္ဘာ၊ ဂုဏ်တင့်ဖြာလိမ့်
မြန်မာမျိုးတို့၊ ကြိုးပမ်းစို့။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ပန်းတောင်းသန်းကြွယ်

အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်

အဌမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

အဌမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစီအစဉ်အရ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အမှာစကားပြောကြားရာတွင် ဖေဖော်ဝါရီ ၆ ရက်ကို **'အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့'** အဖြစ် သတ်မှတ်၍ ၂၀၀၄ ခုနှစ်က စတင်ပြီး အထိမ်းအမှတ်နေ့ အခမ်းအနားများကို စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း အဌမအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း။

အရှိန်အဟုန်မပျက်

အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာများ (၂၀၁၁-၂၀၁၅) (Enhanced Global Strategy for Further Reducing the Disease Burden Due to Leprosy (2011-2015) ကို ချမှတ်နိုင်ခဲ့ပြီး အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းလမ်းညွှန် Operational Guidelines (Updated)ကိုလည်း ချမှတ်ပေးခဲ့ကြောင်း။

ဆက်လက်ဆောင်ရွက်ရမည့် အဓိကအနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်း(Sustaining Leprosy Control Activities) များမှာ-

(၁) ပြည်သူလူထုမှ အနာကြီးရောဂါနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်များကို ဆက်လက်သိရှိ နားလည်သဘောပေါက်နေအောင် ဆောင်ရွက်ပြီး အနာကြီးရောဂါဟု သံသယရှိလာပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ ကိုယ်တိုင်သွားရောက်ပြသကာ အခမဲ့ကုသမှုခံယူရန် တိုက်တွန်းပညာပေးခြင်း၊

(၂) ပြောင်းလဲလာသော မဟာဗျူဟာများနှင့် လုပ်ငန်းလမ်းညွှန်များအတိုင်း အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများအား လိုအပ်သော အသိပညာနှင့်ကျွမ်းကျင်မှုများရရှိအောင် သင်တန်းများပို့ချခြင်း၊

(၃) လူနာများအား အရည်အချင်းပြည့်ဝသော စောင့်ရှောက်မှု (Quality Patient Care) ပေးခြင်း၊

(၄) ရောဂါဖြစ်ခဲ့ဖူးသူများအား ပြည်သူလူထုအတွင်း ခွဲခြားဆက်ဆံခြင်း (Social discrimination) မရှိဘဲ နေထိုင်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) အနာကြီးရောဂါလူနာများ ရင်ဆိုင်နေရသော လူမှုရေးပြဿနာများကို လျှော့ချနိုင်ရေး၊ အရည်အသွေးကောင်းမွန်သော လူနာစောင့်ရှောက်မှု (Quality Patient Care) ရရှိရေးတို့အတွက် အနာကြီးရောဂါလူနာများအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း(Counselling) လုပ်ငန်းဆောင်ရွက်ခြင်း၊

(၆) အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုမည့် ကျန်းမာရေးစနစ်ဆိုင်ရာ သုတေသနများ(Health System Research)၊ အခြေခံသုတေသနများ (Basic Research) နှင့် အသုံးချသုတေသန (Applied Research) များ ဆောင်ရွက်ခြင်း စသည်တို့ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေး

အထူးအလေးထားတိုက်တွန်းသည်မှာ ပြည်သူတစ်ရပ်လုံး၏ အကူအညီနှင့် အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်အောင်မြင်မှုများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရန်နှင့် လူနာနှင့်မိသားစုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်သွားရန် တိုက်တွန်းမေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ယခုနှစ်ကျင်းပသည့် အဌမအကြိမ်မြောက်အထိမ်းအမှတ်နေ့ ဆောင်ပုဒ်မှာ **"အနာကြီးရောဂါ အန္တရာယ်ကင်းဝေးဖို့၊ ဆက်လက်ကြိုးပမ်းတိုက်ဖျက်စို့"** "Reduce The Leprosy Burden; Sustain Leprosy Control Activities" ဟူ၍ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ကာ အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အထက(၃)စမ်းချောင်း ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အထက(၃) စမ်းချောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သောအသက် (၆၀)ပြည့် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမကြီး ၆၅ ဦးအား (၁၂)ကြိမ်မြောက် ပူဇော်ပွဲကို မတ် ၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အသက် (၇၅)နှစ်နှင့်အထက်ဆရာ ဆရာမကြီးများကိုလည်း ထိုနေ့တွင် သီးခြားကန်တော့မည် ဖြစ်သည်။

လှူဒါန်းလိုသူများ ဦးအေးသိန်း ဖုန်း-၅၀၄၈၀၈၊ ဦးကံသာ ဖုန်း- ၅၂၇၃၂၆၊ ဦးခင်ဝင်း ဖုန်း-၅၃၉၈၄၆၊ နှင်းဝေငြိမ်း ဖုန်း-၀၉-၅၀၅၉၁၄၃၊ ဒေါ်ကြည်ကြည်ထွေး ဖုန်း-၀၉-၈၀၂၁၃၂၆၊ ဒေါ်သီသီရွှေ ဖုန်း-၅၁၀၆၄၆၊ ရွှေဇီဝ ဖုန်း-၀၉- ၅၁၄၉၅၃၃၊ ဦးအောင်သိန်း ဖုန်း-၅၁၀၆၆၁၊ ဒေါ်စုလှိုင်မိုး ဖုန်း-၅၁၀၄၀၃၊ ဦးဇော်လွင် ဖုန်း-၅၁၀၇၂၈၊ ဦးကျော်ဆန်းရွှေ ဖုန်း- ၅၀၄၂၀၀၊ ဒေါ်ဆွေစင်လတ် ဖုန်း-၅၃၆၁၅၆ နှင့် ဦးနန်းအောင်ကြည် ဖုန်း-၀၉-၅၁၉၇၇၃၉ တို့ထံသို့ ဆက်သွယ်နိုင်သည်။ ***(မြန်မာ့အလင်း)***

စင်ကာပူပညာရေးပြပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

Singapore Education Road Show 2011 ကို ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview Hotel ၌ ကျင်းပမည်ဖြစ်ရာ စင်ကာပူနိုင်ငံရှိ Edu Trust လက်မှတ်ရရှိပြီး ကျောင်းများ ပါဝင်ပြသမည်ဖြစ်ပြီး စင်ကာပူအစိုးရ မူလတန်း၊ အလယ်တန်း ဝင်ခွင့်အဆင့်မှ ဒီဂရီ၊ မာစတာပရိုဂရမ်များအထိ၊ အင်ဂျင်နီယာကျောင်းများ၊ ကွန်ပျူတာဘာသာရပ်ကျောင်းများ၊ စီးပွားရေးနှင့် စာရင်းအင်း၊ မီဒီယာ၊ ဒီဇိုင်း၊ရုပ်ရှင်၊အနုပညာကျောင်း၊ မြူးဇစ်ကျောင်း၊ ဆေးပညာဆိုင်ရာ ဘာသာရပ်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုကျောင်းများ၊ စင်ကာပူအစိုးရ မူလတန်း၊ အလယ်တန်း ကျောင်းဝင်ခွင့်သင်တန်းကျောင်းများနှင့် အမေရိကန်ကျောင်းဝင်ခွင့် ပြင်ဆင်ပေးသော သင်တန်းကျောင်းများ ပါဝင်ပြသသွားမည် ဖြစ်သည်။

ကျောင်းများအနေဖြင့် PSB Academy, James Cook University, Management Development Institute of Singapore, Auston Institute of Management , Kaplan Higher Education Academy, LASALLE College of the Art, Ascensia Academy, Shelton International နှင့် ERC Institute စသည့်ကျောင်းများမှ ပါဝင် ပြသသွားမည်ဖြစ်ပြီး အဆိုပါပြပွဲတွင် ဗြိတိသျှကောင်စီ IELTS Exam Center မှ IELTS အကြောင်း သိကောင်းစရာ သတင်းအချက်အလက်များကိုပါ ပြသသွားရန် စီစဉ်ထားသည်။

စာရင်းပေးသွင်းနိုင်

ပြပွဲအတွင်း ကျောင်းများမှ သက်ဆိုင်ရာ ဘာသာရပ်အသီးသီး အလိုက်ဆွေးနွေးပွဲများ ပါဝင်ဆွေးနွေးမည်ဖြစ်ပြီး မိမိတို့ တက်ရောက်လိုသော ဘာသာရပ်နှင့် ကျောင်းများ၏ ဆွေးနွေးပွဲအချိန်စာရင်းကို CROWN Education ဖုန်း-၂၁၁၈၈၈ လိုင်းခွဲ ၂၂၈-၂၂၉၊ ၀၉-၅၀၈၅၁၈၅၊၀၉-၄၉၂၉၃၁၃ နှင့် ၀၁-၇၃၀၄၀၆၈၈ တို့တွင် ဆက်သွယ်စုံစမ်း ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပြည်သူ့ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ဇန်နဝါရီ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးစောရွှေ ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

* *ကျောဖုံးမှ*

ထိုနည်းပညာသည်ကား အခြားမဟုတ်။ ဗီဇပြုပြင်ပြောင်းလဲထားသော ခြင်များ (Genetically Modified Mosquitoes) ကို ရွံ့ညွန်၊ ရေအိုင်နှင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်သည့် နေရာများ၊ ခြင်များ ပုန်းအောင်းနိုင်သည့် နေရာများသို့ လွှတ်ပေးလိုက်ခြင်းပင် ဖြစ်သည်။

တိတိကျကျ ပြောရလျှင် ထိုဗီဇပြုပြင် ပြောင်းလဲထားသော အေးဒိစ်အေးဂိုင်ပတီခြင်ထီး (Male Aedes Aegypti Mosquitoes) ၆၀၀၀ ကျော်ကို အစိုးရပိုင်ဌာနတစ်ခုဖြစ်သည့် မလေးရှားဆေးသုတေသန(အိုင်အမ်အာ)က ပါဟန်းပြည်နယ်အလယ်ပိုင်း၌ လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ပထမဆုံး

ထိုသို့ ဆောင်ရွက်ခြင်းမှာ အာရှတွင် ပထမဦးဆုံးပင်ဖြစ်သည်။ အိုင်အမ်အာက ယင်းစမ်းသပ်မှုကို ပြီးခဲ့သည့် ဒီဇင်ဘာ ၂၁ ရက်မှ စတင်ဆောင်ရွက်ခဲ့သည်။ လွှတ်ပေးခဲ့သောခြင်များ၏ အသက်ရှင်နေထိုင်နိုင်မှုကိုလည်း စောင့်ကြည့်လေ့လာခဲ့ကြသည်။ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၅ရက်တွင် အိုင်အမ်အာ သုတေသနအဖွဲ့က ယင်းစမ်းသပ်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ဟုဆို၏။

လက်တွေ့စမ်းသပ်

သုတေသီများ၏ လက်တွေ့စမ်းသပ်ချက်မှာ ထိုဗီဇပြုပြင်ထားသော ခြင်ထီးများသည် သွေးတုပ်ကွေးရောဂါပိုးသယ်ဆောင်ထားသည့် ခြင်မများနှင့် မိတ်လိုက်ပြီး ပေါက်ပွားလာသော ယင်းတို့၏ သားလောင်းများကို လျင်မြန်စွာသေဆုံးစေခြင်းဖြင့် ခြင်ပေါက်ပွားမှုကို ထိန်းချုပ်သွားရန်ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့နောက် သွေးလွန်တုပ်ကွေးရောဂါဖြစ်စေသည့် အေးဒိစ်ခြင်အမများသည်လည်း များမကြာမီ သေဆုံးကြရသည်။

သွေးလွန်တုပ်ကွေး ရောဂါကူးစက်ဖြစ်ပွားပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများတွင် အမြန်ဆုံး သွားရောက်ကုသမှု ခံယူကြရသည်။ ပြီးခဲ့သည့်နှစ်က မလေးရှားတစ်နိုင်ငံတည်းတွင်ပင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၃၄ ဦး ရှိခဲ့ကြောင်း သိရသည်။

စိုးရိမ်ပူပန်

မလေးရှားအစိုးရက သွေးလွန်တုပ်ကွေးရောဂါ အမြစ်ဖြတ်တိုက်ဖျက်ရေးအတွက် ထိုနည်းပညာကို စမ်းသပ်ဆောင်ရွက်ခဲ့ရာ စမ်းသပ်မှုအောင်မြင်သဖြင့် အနော့ဖလိစ် (Anopheles) ခြင်ကြောင့် ဖြစ်စေတတ်သည့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး အစီအစဉ်ကိုလည်း ဆောင်ရွက်သွားရန် သုတေသီများက စဉ်းစားနေကြသည်။

ငှက်ဖျားရောဂါသည် ကမ္ဘာ့လူဦးရေထက်ဝက်ကို ခြိမ်းခြောက်နေပြီး အဆိုပါရောဂါသည် ထိရောက်စွာ ကုသနိုင်ခြင်းမရှိပါက အသက်ဆုံးရှုံးနိုင်သည်။ အထူးသဖြင့် ငှက်ဖျားရောဂါကြောင့် သေဆုံးသူအများစုမှာ အာဖရိကတိုက်ရှိ ဆင်းရဲသောနိုင်ငံများမှ အသက်ငါးနှစ်အောက် ကလေးငယ်များ ဖြစ်ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)အနေဖြင့် လွန်ခဲ့သော ဆယ်စုနှစ်ကျော်အတွင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေး အစီအစဉ်အချို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့်လည်း ငှက်ဖျားရောဂါကြောင့် သေဆုံးသူ ၂၀၀၀ပြည့်နှစ်က လူပေါင်းတစ်သန်းနီးပါးရှိခဲ့ရာမှ ၂၀၀၉ခုနှစ်တွင် ခုနစ်သိန်းကျော်သာ ရှိတော့သည်။

မျှော်လင့်

သို့ဖြစ်၍ ဗီဇပြုပြင်ထားသော ခြင်များသည် သွေးလွန်တုပ်ကွေးသာမက ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက်ပါ ဆောင်ရွက်နိုင်လိမ့်မည်ဟု သုတေသီများက မျှော်လင့်ထားပါကြောင်း။ ။ ကိုးကား-အင်တာနက်

မြဝတီရုပ်မြင်သံကြား

၈-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၈။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၆။	မျိုးချစ်တပ်မတော်
၄း၂၀	၇။	အင်္ဂလိပ်စာသုတ
၄း၄၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၉။	မီးသတိပေးနှိုးဆော်ချက်
၄း၅၀	၁၀။	၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (သမိုင်း)
၅း၁၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း -၁၄)
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၅။	သူတို့နှင့်သူတို့အကြိုက်
၆း၃၀	၁၆။	အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း -၃၆)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	ဟာသရုပ်စုံ
	၂၃။	မွေးမြူသုတ
	၂၄။	သီချင်းလက်ဆောင်
	၂၅။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း -၅)
	၂၇။	**Mini Series**

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၅ ရက်က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် လှိုင်မြို့နယ် အမှတ်(၆) မူလတန်းလွန်ကျောင်း၏ ဆုပေးပွဲအခမ်းအနားကျင်းပရာ ပဉ္စမတန်းမှ မြို့နယ်အဆင့် အင်္ဂလိပ်စာထူးချွန်ဆုရရှိသော မောင်မြင့်မြတ်ဦးအား ဆရာမကြီး ဒေါ်ခင်ဌေးအောင် ဆုချီးမြှင့်စဉ်။ (၁၂၈)

ဒီပလိုမာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

Myanmar Academy of Management & Technology သည် Australia အစိုးရပညာရေးရာ Central Institute of Technology(Central TAFE) မှ တိုက်ရိုက်ချီးမြှင့်သော Diploma Courses များကို Australian Qualifications Framework အတိုင်း Australian Qualified Educator & Examiner ဖြစ်သော Steven R Sunthang ကိုယ်တိုင်ဦးစီးကာ မတ်လနောက်ဆုံးပတ်အတွင်း စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

အခွင့်အရေးများရရှိမည်

MAMT သည် Diploma of Business Administration(Dip BA) ပညာရပ်ကို ပထမဦးဆုံး ဦးစီးသင်တန်းပို့ချသူ ဆရာကိုယ်တိုင်က စာမေးပွဲစစ်မည် ဖြစ်သောကြောင့် သင်တန်း တက်ရောက်သူများအနေဖြင့် သံရုံးများတွင် ထပ်မံ၍ ငွေကြေးကုန်ကျခံကာ စာမေးပွဲဝင်ရောက်ဖြေဆိုရန် မလိုတော့ကြောင်း။

Dip BA ပညာရပ်သည် လုပ်ငန်းသုံးပညာရပ် (Professional Qualification) ဖြစ်သောကြောင့် နိုင်ငံတကာ အသိအမှတ်ပြုရုံသာမကဘဲ ASEAN နိုင်ငံများနှင့် အနောက်နိုင်ငံများရှိ ကုမ္ပဏီကြီးများက အထူးပြု ခန့်ထားလျက်ရှိသောကြောင့် အလုပ်ခေါ်ယူမှု များပြားသော ဘွဲ့တစ်ခုဖြစ်ကြောင်း၊ Central TAFE Diploma သည် Australia နိုင်ငံရှိ Curtin University, Edith Cowan University, Murdoch University, the University of Western Australia, Notre Dame University စသည့် တက္ကသိုလ်များမှ credits များစွာ ရရှိထားသောကြောင့် အချိန်တိုတိုအတွင်း ငွေကြေးကုန်ကျသက်သာစွာဖြင့် Degree Course များ ဆက်လက်သင်ယူ နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် Australia ရှိ အခြား တက္ကသိုလ် ၃၃ ခုနှင့် နိုင်ငံတကာရှိ တက္ကသိုလ်များတွင်လည်း ဆက်လက်ပညာသင်ယူနိုင်မည့် အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

စာရင်းပေးသွင်းနိုင်

Dip BA သင်တန်းကို ၂၀၁၁ ခုနှစ်တွင် တက္ကသိုလ်ဝင်ခွင့် ဖြေဆိုမည့်သူများ၊ တက္ကသိုလ်တက်ရောက်လျက်ရှိသောသူများနှင့် English speaking အတွေ့အကြုံရှိသောသူများ လျှောက်ထားနိုင်ပြီး စနေနှင့် တနင်္ဂနွေ တန်းခွဲများလည်း ဖွင့်လှစ်မည် ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက MAMT သင်တန်း ရုံးခန်း/ကျောင်းတည်ရှိရာ အမှတ် ၇/၁၈၉-၁၉၅ ပန်းဆိုးတန်းရုံးခန်းတာဝါ ပန်းဆိုးတန်းအလယ်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁ ၇၃၁၃ ၉၃၉၀ နှင့် ၃၉၁ ၀၆၉)၊ e-mail: info @mamtyangon.com, mamtyangon@ g-mail.com နှင့် website: www.mamtyangon.com တို့သို့ ဆက်သွယ်ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သန်းခေါင်စာရင်းကောက်ယူရေးသင်တန်း ဖြူးမြို့နယ်၌ ဖွင့်

ဖြူး ဖေဖော်ဝါရီ ၇

တောင်ငူခရိုင် ဖြူးမြို့နယ် မြေစာရင်းဦးစီးဌာန၌ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစီမံကိန်း မြို့နယ်အဆင့် ဆွေးနွေးပွဲသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက မြို့နယ်မြေစာရင်း ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြဆရာများ တက်ရောက်ကြပြီး အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးဝင်းမြင့် **(အပေါ်ပုံ)**တို့က အမှာစကားပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းသို့ မြို့နယ် မြေစာရင်းဦးစီးဌာန သင်တန်းသား (၄၈)ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီလ ၁ ရက်မှ ၅ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရှိရသည်။ (၀၅၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	**လူဖြစ်ပြီလား** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လဇောတိ)
၆း၄၀	သက်ဝင်လှုပ်ရှားရသရုပ်လုံးရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၅)
၈း၃၅	လပြည့်ဝန်းသို့တမ်းချင်းည **Live Show (Part-9)**
၉း၁၀	Activities in the City အထက(၃)မင်္ဂလာတောင်ညွန့်၏ အာစရိယပူဇော်ပွဲ
၉း၃၀	Cartoon Show Time (Inpy ' s Island)
၁၀း၁၀	လင်းလက်မှုများနှင့် ရှင်သန်စေချင် ငွေကျားတိုက်၏ ဂုဏ်ပြုအစီအစဉ်
၁၀း၂၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (မြန်မာ့ရေထွက်ကုန်ပစ္စည်းဈေးရောင်းပွဲတော်)
၁၀း၄၀	Celebrity Style (ချမ်းချမ်း)
၁၁း၁၀	International Show Biz
၁၁း၃၀	ကန္တရဝတီ၏ ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာသို့....
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	Activities in the City အမက(၁)ဗဟန်း၏ စုံညီပွဲတော်
၁၂း၂၅	သင်ကြားရေးလမ်းညွှန် (Hawaii Education Center)
၁၂း၄၅	မြန်မာကြိုက်နှံ့သာဖြူပရုပ်ဆီ
၁း၀၀	**လူဖြစ်ပြီလား** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လဇောတိ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	**MRTV-4 အစီအစဉ်တင်ဆက်သူရွေးချယ်ပွဲ** (အပိုင်း-၅)
၃း၁၀	Activities in the City 547 Trading နှင့် မိတ်ဖက်ကုမ္ပဏီများ၏ အထူးဈေးရောင်းပွဲတော် စာနယ်ဇင်းရှင်းလင်းပွဲ
၃း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈)
၄း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၅)
၄း၅၀	မမေ့လျော့သောတမ်းတမှုတို့ဖြင့် ဦးညွှတ်ခြင်း
၅း၁၅	Celebrity Choice (ဇော်ပိုင်)
၅း၅၀	ရန်ကုန်မြင်ကွင်းကျယ် အထက(၃)တာမွေကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ် မြန်မာသီဟကုမ္ပဏီလီမိတက်၏ ရုံးချုပ်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား
၆း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉)
၇း၂၀	လပြည့်ဝန်းသို့တမ်းချင်းည **Live Show (Part-10)**
၈း၀၀	MRTV-4 သတင်း
၈း၃၀	အနုပညာမိုးကောင်းကင်
၈း၅၅	**သီချင်းကောင်းကောင်း သီချင်းတောင်း**
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၆)
၁၀း၁၀	ကြည်လင်သောရေ၏ လျှို့ဝှက်ချက်
၁၀း၂၀	စာအုပ်ပြခန်း မြန်မာ့ခြင်းလုံးအားကစားအကြောင်းသိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့်ခြင်းလုံးခတ်လေ့ကျင့်နည်းများ
၁၀း၄၀	ထာဝစဉ်အေးမြကြည်လင် ရေဆင်းရဲ့ဂုဏ်အင်
၁၁း၀၅	MRTV-4 ကျန်းမာရေးကဏ္ဍ ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ
၁၁း၂၅	အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၁း၄၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ရှမ်းပိန်းဥအချိုကြော်၊ ရှမ်းပိန်းဥအင်နက်ကြော်နှင့် ဝက်နံရိုးပိန်းဥဟင်းချို)
၁၂း၀၀	လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
၁၂း၁၅	World of Knowledge (Mega Structures: Super Factories)
၁း၀၅	**သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ- ညိုမင်းလွင်)
၁း၂၅	**သံစဉ်စာသားဖန်တီးသူများ** တေးရေးစောခူဆဲလ်နှင့် တွေ့ဆုံခြင်း
၁း၄၅	စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၁း၅၅	Movie Mistakes (Mr. And Mrs. Smith)
၂း၂၀	စိုက်ပျိုးဝေဆာတို့မြေမှာ (အပင်တစ်သျှူးမျိုးပွားနည်းများ)
၂း၄၀	**လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ** (ဖိုးချစ်ဇာတ်သဘင်) (အပိုင်း-၁)
၃း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၄း၃၀	Smart Dictionary အကြောင်း သိကောင်းစရာ
၄း၄၅	မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၅း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

မီးသွေးဆိုင်ကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက် ဝဇီယာ(၃)လမ်းနှင့် (၄)လမ်းကြားရှိ လိုင်စင်မဲ့မီးသွေးဆိုင်တစ်ဆိုင်သည် နောက်ဖေးလမ်းကြားစည်ပင်ပိုင်မြေကို ကျူးကျော်၍ ဂိုဒေါင်ဆောက်လုပ်ပြီး မီးသွေးများသိုလှောင်ခြင်း၊ အရှေ့မျက်နှာစာ ကားလမ်းအထိ မီးသွေးများထားရှိ ဖြန့်ဖြူးရောင်းချခြင်းတို့ကြောင့် ပတ်ဝန်းကျင်သို့ မီးသွေးမှုန်များ ပျံ့လွင့်ခြင်းအပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရခြင်းတို့ကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ ***မီးဘေးစိုးရိမ်သူ***

ရပ်ကွက်အတွင်းမှ ဝပ်ရှော့ ပြောင်းရွှေ့ပေးစေချင်

စာတည်းခင်ဗျား-

သာကေတမြို့နယ် ၄/မြောက်ရပ်ကွက် မြို့မ(၁၂)လမ်းအလယ်ရှိ အိမ်နှစ်အိမ်သည် မော်တော်ယာဉ်များကို နေ့စဉ် ပြုပြင်ခြင်း၊ စက်နှိုးခြင်း၊ အင်ဂျင်စမ်းသပ်ခြင်းတို့ကြောင့် ဆူညံသံများ၊ မီးခိုးနံ့နှင့် ဆီနံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်သည့်အပြင် လမ်းပိတ်ဆို့၍ လောင်စာဆီများ သုံးစွဲခြင်းကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသောကြောင့် အဆိုပါ ဝပ်ရှော့အား ရပ်ကွက်အတွင်းမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ ***လမ်းသူလမ်းသားများ***

ကျူးကျော်ဂိုဒေါင် ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

မြိတ်မြို့ ထားဝယ်စုရပ်ကွက် ဂုဏ်ရုံလမ်းမကြီးပေါ်ရှိ ကြေးအိုးဆိုင်တစ်ဆိုင်သည် မြို့နယ်စည်ပင်သာယာအဖွဲ့ပိုင် မြေကွက်လပ်ပေါ်တွင် ကျူးကျော်၍ မီးသွေးဂိုဒေါင်ဆောက်လုပ်ထားခြင်းကြောင့် လမ်းပိတ်ဆို့နေသဖြင့် မီးဘေးအန္တရာယ် ကြုံလာပါက အခက်အခဲဖြစ်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ ***မြိတ်သားတစ်ဦး***

ကျောက်ဖြတ်စက်ဆူညံသံ နားမခံနိုင်

စာတည်းခင်ဗျား-

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် (၆၃×၆၄ လမ်းကြား) (၃၉×၄၀ လမ်းကြား) တမာလမ်းသွယ်ရှိ ကျောက်သွေးလုပ်ငန်းရှင်တစ်ဦးသည် လူနေရပ်ကွက်အတွင်း မီးစက်၊ ကျောက်သွေးစက်၊ ကျောက်ဖြတ်စက်များအသုံးပြု၍ ကျောက်သွေး ကျောက်ဖြတ်လုပ်ငန်းများကို တစ်နေကုန်လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်နေထိုင်သူများမှာ မီးစက်သံများ၊ ကျောက်သွေး ကျောက်ဖြတ်စက်ဆူညံသံများကို နေ့စဉ်နှင့်အမျှ ခံစားနေကြရပြီး ထွက်ရှိလာသည့် ကျောက်မှုန့်များကိုလည်း ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်ရပါသောကြောင့် အဆိုပါလုပ်ငန်းကို ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ ***ရပ်ကွက်နေပြည်သူများ***

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ် (၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

နံရံကပ်လက်ဖက်ရည်ဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ပုဇွန်တောင်မြို့နယ် (၄၉)လမ်းပေါ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် အဆောက်အအုံတစ်ခု၏ နံရံကပ်လျက် အမိုးမိုးခြင်း၊ ကာရံထားခြင်းတို့ကြောင့် အလင်းရောင်ကို ကောင်းစွာမရသည့်အပြင် ခြင်များ ခိုအောင်းကာ ကျန်းမာရေးထိခိုက်ရပါ၍ ယင်းလက်ဖက်ရည်ဆိုင်ကို အဆိုပါ အဆောက်အအုံဘေးမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ရေဆိုးရေပုပ်များကို ရှင်းလင်းပြီးဖြစ်

၂၇-၁၂-၂၀၁၀နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ စာတည်းထံပေးစာတွင်ပါရှိသော **ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းလမ်းဖြတ်ကူး မြောင်းတံတားအောက်ရှိ ပိတ်ဆို့နေသော ရေဆိုး ရေပုပ်များကို ရှင်းလင်းဆောင်ရွက်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

သားသတ်လုပ်ငန်းပြောင်းရွှေ့ပြီးဖြစ်

၁၇-၁-၂၀၁၁ နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ စာတည်းထံပေးစာကဏ္ဍတွင် **မွန်ပြည်နယ် ပေါင်မြို့နယ် နတ်မော်ကျေးရွာအနောက်လမ်းအပိုင်း(၂) ရှိ သားသတ်လုပ်ငန်းကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါ** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

Heartfelt Congratulations!

၆-၂-၂၀၁၁ရက် မင်္ဂလာရက်မြတ်တွင် တော်ဝင်စင်တာ(ပြည်လမ်း)ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်၍ များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့
ရောဟသ်ာကုမ္ပဏီများအုပ်စု။

ဆရာတော်ဦးဝုဓ်
သခင်အောင်ဖေ

GOLDEN STAR
ကျိုက်ထီးရိုး / ချောင်းသာ
ရွှေစက်တော် / ငွေဆောင်

09-8619173
240814

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
မွန်ပြည်နယ်တရားရုံး ၂၀၁၁ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁

ကွယ်လွန်သူ ဦးအေးကြူ၌ ကျန်ရှိရစ်သော ပစ္စည်းဖြစ်သည့် မော်လမြိုင်မြို့၊ ကမ္ဘောဇဘဏ်ခွဲရှိ ငွေစုဘဏ်စာရင်းအမှတ် ၀၂-၂၁၂၁၀၀၄၅၀၂၉ ရှိ လက်ကျန်ငွေ ၂၂၇၁၇၂၇၈.၂၀ တိတိကို မော်လမြိုင်မြို့၊ အမှတ်(၁/၁)၊ မဟာမြတ်မုနိဘုရားလမ်း၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့နေ ဒေါ်ထားရီက ကွယ်လွန်သူ ဦးအေးကြူ၏ဇနီး ဖြစ်သည်ဟူ၍ အမှတ်(၁/၁)၊ မဟာမြတ်မုနိဘုရားလမ်း၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့နေ ၎င်းကွယ်လွန်သူ ဦးအေးကြူမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်၊ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအေးကြူမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူပုဂ္ဂိုလ်တို့သည် ဤရုံးသို့ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် (၁၃၇၂ခုနှစ်၊ တပို့တွဲလဆန်း ၁၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ထားရီ၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်
ပြည်နယ်တရားသူကြီး။

ချောင်းသာမှအပြန် ယာဉ်တိမ်းမှောက် လိုက်ပါလာသူ ၁၁ဦး ဒဏ်ရာရရှိ

ပုသိမ် ဖေဖော်ဝါရီ ၇

ဖေဖော်ဝါရီ ၆ ရက်က ချောင်းသာ အပန်းဖြေစခန်းမှ ပြန်လာကြသော ရန်ကုန်မြို့ ၁၅ လမ်းနေ ကောင်းစုမုန့်တိုက်မှ မိသားစု ၂၉ ဦးလိုက်ပါလာသော ယာဉ်မောင်း အောင်သူ မောင်းနှင်သည့် ၁ခ/-- ကင်တာ အဖြူရောင်သည် မွန်းလွဲ ၂ နာရီတွင် ပုသိမ် - ရန်ကုန် ကားလမ်း မိုင်တိုင် ၂၅/၆ ဂုံမင်းတံတား အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်သွားရာ လိုက်ပါလာကြသူများအနက် ကျား ခုနစ်ဦး၊ မ လေးဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားသဖြင့် တာဝန်ရှိသူများက ကျောင်းကုန်း ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသထားကြောင်း သတင်းရရှိသည်။

ယင်းအမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းက ယာဉ်မောင်းအား အရေးယူထားကြောင်း သိရှိရသည်။ (၀၇၇)

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

မန်ယူ ရှုံးပွဲမရှိစံချိန် ပျက်ပြယ်

လန်ဒန် ဖေဖော်ဝါရီ ၇

ပရီမီယာလိဂ် ဘောလုံးပွဲစဉ်များကို ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်များတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ တန်းစီဇယားထိပ်မှ မန်ယူတို့ ဝုလ်ဗာဟမ်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးကာ ရှုံးပွဲမရှိ စံချိန်တင်မည့် မျှော်လင့်ချက် ပျက်ပြယ်ခဲ့ရပြီဖြစ်သည်။

ဦးဆောင်နိုင်

မန်ယူတို့ တိုက်စစ်တွင် ရွန်နေ၊ ဘာဘာတော့ဗ်တို့ကို ထားပြီး ထိုးဖောက်ကစားခဲ့ရာ ပွဲအစ သုံးမိနစ်မှာပင် နာနီက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့သော် အိမ်ရှင်ဝုလ်ဗာတို့က မန်ယူကို ဘောလုံးတည်မရအောင် ခြေဖွင့်ကစားခဲ့သဖြင့် ပွဲချိန် ၁၀ မိနစ်၌ပင် အီယိုကိုဘီက ခေါင်းတိုက်၍ ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ **(ဝဲပုံ)** မန်ယူတို့ ကစားကွက်တည်မရဘဲရှိနေရာ ဝုလ်ဗာတိုက်စစ်မှူး ဒွိုင်လီက ပွဲချိန်မိနစ် ၄၀ တွင် ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်၌ပင် ဝုလ်ဗာတို့က နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ကာကွယ်နိုင်

မန်ယူအသင်း ချေပဂိုးရရှိရေးကြိုးစားသော်လည်း ဝုလ်ဗာနောက်ခံလူများ အမှားအယွင်းနည်းစွာ ဟန့်တားကာကွယ်နိုင်သည့်အပြင် ရွန်နေနှင့် ဘာဘာတော့ဗ်တို့လည်း ခြေစွမ်းမပြနိုင်သဖြင့် ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ဘဲ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

ပေါ်တူဂီနှင့် ချစ်ကြည်ရေးပွဲကစားရန် အာဂျင်တီးနားအသင်း ဘောလုံးသမားစာရင်း ထုတ်ပြန်

ဗျူနိုအေရိစ် ဖေဖော်ဝါရီ ၇

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဖေဖော်ဝါရီ ၉ ရက်တွင် ပေါ်တူဂီနှင့် ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစားမည့် အာဂျင်တီးနား ဘောလုံးအသင်း၏ ကစားသမားစာရင်းကို အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်လိုက်သည်။

ပါဝင်

ဂိုး- ရိုမီရို (အေဇက်)၊ အန်ဒါဂျာတို့ကို ရွေးချယ်ထားပြီး နောက်တန်းဇနက်တီ (အင်တာမီလန်)၊ ဇာဘာလီတာ(မန်စီးတီး)၊ ပါရီဂျာ (စပါးတပ် မော်စကို)၊ ဘူနာဒီဆို(ရိုးမား)၊ ဂါရေး (ရီးရဲမက်ဒရစ်)၊ အိုတာမင်ဒီ(ပေါ်တို)၊ မီလီတို(ဘာစီလိုနာ)တို့ ပါဝင်မည် ဖြစ်သည်။ ကွင်းလယ်တွင် ကမ်ဘီယာဆို (အင်တာ)၊ ဖာနန်ဒိုဂါရိုနှင့် ဒီမာရီယာ (ရီးရဲမက်ဒရစ်)၊ ဘီဂလီရာ (အန်ဒါလက်ချ်)၊ ဂျို့ဆိုဆာ (နာပိုလီ)၊ အန်ဇိုပီရက်ဇ်မာချီရာနို (ဘာစီလိုနာ)၊ ဘာနေဂါ (ဗလင်စီယာ)၊ ပက်စတိုရီ (ပါလာမို) တို့ကို ရွေးချယ်ထားသည်။

တိုက်စစ်မှူးများ

တိုက်စစ်မှူးများအဖြစ် မက်ဆီ (ဘာစီလိုနာ)၊ လာဗီဇီ(နာပိုလီ)၊ ဒီအီရိုမာလီတို (အင်တာမီလန်)၊ ဂါအီတန် (ဘင်ဖီကာ)နှင့် မာတီနက်ဇ် (ဗီလက်ဇ်) တို့ဖြစ်ကြသည်။

(အင်တာနက်)

ဂါနာအသင်း ကစားသမားစာရင်း ထုတ်ပြန်

အက်ရာ ဖေဖော်ဝါရီ ၇

ဂါနာနှင့်တိုဂိုဘောလုံးအသင်း ချစ်ကြည်ရေးခြေစမ်းပွဲအတွက် ဂါနာအသင်း၌ပါဝင်ကစားမည့် ဘောလုံးသမားများ၏ အမည်စာရင်းကို ဂါနာဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်လိုက်သည်။ ဂါနာအသင်းသည် ဖေဖော်ဝါရီ ၈ ရက်၌ တိုဂိုဘောလုံးအသင်းနှင့် ဘယ်လ်ဂျီယံနိုင်ငံ အင်ဝပ်မြို့တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ဂါနာအသင်းနည်းပြသစ် စတီဗင်နီဗစ်က ဂါနာအသင်းအတွက် စိတ်တိုင်းကျရွေးချယ်ခဲ့သည်။

ပါဝင်

ဂါနာအသင်းတွင် ဂိုး-အီရာနက်ဆိုဝပ်နှင့် ကင်းဆန်၊ နောက်တန်းတွင် ပန့်ဆီးလ်၊ အင်ကွန်၊ အက်ဆာရီ၊ ဒေးဗစ်အက်ဒီ၊ မင်ဆက်ဂျ်၊ ဗော်ဆက်ဂျ်၊ ဂျွန်ဘိုရီတို့ပါဝင်သည်။ ကွင်းလယ်တွင် အန်နန်၊ ဘာဒူ၊ အင်ဒရီဘယော၊ ဘိုရာတန်၊ မွန်တာရီ၊ ကူမိုဇီတို့ဖြစ်ပြီး တိုက်စစ်တွင် တီရာဂို၊ အက်ဒီယက်၊ အဆာမိုတို့ ပါဝင်ကြသည်။

(အင်တာနက်)

ခရမ်းမြို့နယ် စာပေနှင့်စာနယ်ဇင်း သက်ကြီးပူဇော်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

ခရမ်းမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့က ကြီးမှူး၍ ဆိုင်းဘုတ်စိုက်ထူပွဲနှင့် သက်ကြီးစာပေပညာရှင်များ ပူဇော်ပွဲကို ဇန်နဝါရီ ၃၀ရက် နံနက် ၈ နာရီက ခရမ်းမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေ၏ နေအိမ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ဦးခင်ဆွေ(ရွှေစွန်ညို)နှင့် ခရမ်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြပြီး အဖွဲ့၏ ဆိုင်းဘုတ်ကို စိုက်ထူပေးပြီး မြို့နယ်အတွင်းမှ သက်ကြီးစာပေပညာရှင်များဖြစ်ကြသည့် ဦးခင်ဆွေ(ရွှေစွန်ညို)၊ ဦးဝင်းမောင်(သတင်းထောက် ခရမ်းဝင်းမောင်)နှင့်ဒေါ်အေးအေးသန်း (အေးသန်း ခရမ်း)တို့အား ခရမ်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးကျော်ဆွေနှင့်အဖွဲ့က ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ယာဉ်နှင့် လမ်းစည်းကမ်းအကြောင်း တောင်ကြီးမြို့၌ အသိပညာပေးဟောပြော

တောင်ကြီး ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ၂၅ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးတင့်စိုးရှိန်၊ ပြည်နယ်ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေ၊ သူနာပြုသင်တန်းကျောင်းမှ ဆရာမများ၊ သင်တန်းသူ ဆရာမများ တက်ရောက်ကြသည်။

အသိပညာပေး

ရှေးဦးစွာ ပြည်နယ်ရဲတပ်ဖွဲ့ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး တင့်စိုးရှိန် **(အောက်ပုံ)**နှင့် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေတို့က တစ်နိုင်ငံလုံး သုံးနှစ်အတွင်း ယာဉ်မတော်တဆမှု၊သုံးနှစ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ယာဉ်မတော်တဆမှု၊ တောင်ကြီးမြို့နယ်၌ ယာဉ်မတော်တဆမှုများအားလည်းကောင်း၊ တစ်နှစ်၊ တစ်လ၊ တစ်ပတ်အတွင်းဖြစ်ပွား၍ ဒဏ်ရာရ သေဆုံးမှုများအား ကိန်းဂဏန်းများဖြင့်လည်းကောင်း၊ ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရန် စည်းကမ်းချက်များကိုလည်းကောင်း အသိပညာပေးဟောပြောကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(၁၈၉)**

ကျုံပျော်မြို့နယ် သရက်သုံးပင်ကျေးရွာအုပ်စု သရက်သုံးပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ စတုတ္ထတန်းမှ ပထမဆုရရှိသူ မအိအိနွယ်အား ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သိန်း ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်များအကြောင်း ရှင်းလင်းပြောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

IELTS စာမေးပွဲနှင့်ပတ်သက်၍ သိကောင်းစရာများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာရေးလမ်းကြောင်းအတွက် IELTS ဖြေဆိုရန် ပြင်ဆင်ရာတွင် သတိပြုရမည့်အချက်များ၊နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်များနှင့် IELTS အကြောင်း သိကောင်းစရာများကို ဗြိတိသျှကောင်စီ Exam Services မှ တာဝန်ရှိသူက ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview Hotel ၌ ကျင်းပမည့် ပတ်သက်၍ရှင်းလင်းဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မြို့နယ်အဆင့် လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ဆက်စပ်သည့် လုပ်ငန်းဌာနများမှ မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၈၃)**

Singapore Education Road Show 2011 တွင် ရှင်းလင်းပြောကြားမည်ဖြစ်သည်။

အထောက်အထားများ တောင်းခံ

နိုင်ငံခြားတွင်ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းများလျှောက်ထားရာ၌ သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးမှ အင်္ဂလိပ်စာကျွမ်းကျင်မှု အထောက်အထားများတောင်းခံလေ့ရှိကြပြီး ကမ္ဘာအရပ်ရပ်ရှိ တက္ကသိုလ်များနှင့် ပညာရေးအဖွဲ့အစည်းအများစုက အသိအမှတ်ပြုသော IELTS (International English Language Testing System)ကို ကျောင်းသားအများစု ဖြေဆိုလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင်လည်း IELTS Exam ကိုလစဉ်ဖြေဆိုနိုင်ခြင်း၊ ဖြေဆိုပြီး ရက်သတ္တနှစ်ပတ်အကြာတွင် အဖြေရရှိခြင်း၊ IELTS ပြင်ဆင်ပေးသော သင်တန်းများကိုလည်း မြန်မာနိုင်ငံ၌ ကျယ်ကျယ်ပြန့်ပြန့်သင်တန်းတက်ရောက်လေ့ကျင့် သင်ယူနိုင်ခြင်းတို့ကြောင့် ကျောင်းသားအများစု ဖြေဆိုကြသော စာမေးပွဲဖြစ်သည်။

ဆက်သွယ်စုံစမ်းရန်

အဆိုပါ ပြပွဲနေ့တွင် IELTS ပြင်ဆင်ခြင်းအတွက် စာအုပ်စာတမ်းများ၊ စာမေးပွဲဖြေဆိုရန် လျှောက်လွှာများကို ရယူနိုင်ရန် စီစဉ်ထားပြီး ရှင်းလင်းပြောကြားမည့် အစီအစဉ်ကို မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက Crown Education ဖုန်း-၂၁၁၈၈၈၊ လိုင်းခွဲ ၂၂၈ နှင့် ၀၉-၅၀၈၅၁၈၅ တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ထန်းတပင်မြို့နယ်၌ အလုပ်ရုံဆွေးနွေး

ထန်းတပင် ဖေဖော်ဝါရီ ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမြို့နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မြေစာရင်းဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာထန်းတပင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကားပြောကြားသည်။**(အောက်ပုံ)**

ဆက်လက်၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးအောင်ကလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့်

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်တို့ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဗိုလ်တေဇလမ်း အပိုင်း(၂) ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်ကျော်လှုတို့ ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြေယာရှုခင်းအလှ ပန်းဖလားကြီး ဆောင်ရွက်ထားရှိမှုနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးသိန်းထိုက်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သိန္နီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အထကကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ဇန်နဝါရီ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဝမ်းလျှောဝမ်းပျက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေသိုလှောင်ကန်တွင် ကျန်းမာရေးဝန်ထမ်းများ ဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကျန်းမာရေးမှူး-၂ ဦးဘိုလင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဇန်နဝါရီ ၁၀ ရက်၌ နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဂန္ဓာမာလမ်းခင်းကျင်းထားမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ဘားအံမြို့၌ ဆင့်ပွားသင်တန်းဖွင့်

ဘားအံ ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ရက် နံနက် ၉ နာရီက ဘားအံမြို့နယ် မြေစာရင်းဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးချစ်ဝေက အမှာစကားပြောကြားပြီး (အပေါ်ပုံ) **မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသက်တင်က ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။**

တက်ရောက်

အခမ်းအနားသို့ ခရိုင်မြေစာရင်း ဦးစီးဌာနမှူးဦးမင်းချစ်မောင်၊ မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး၊ လက်ထောက်ဦးစီးမှူးများနှင့်သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟိုတယ်လုပ်ငန်းများဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတကာရှိ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ Hospitality Operation & Service Course သင်တန်းအပတ်စဉ်အသစ်ကို ဖေဖော်ဝါရီ တတိယပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

စာတွေ့လက်တွေ့

ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း Hotel Operations ၊ ဧည့်ဝတ်ကျေပွန်မှုအတတ်ပညာ Customer Services ၊ အစားအသောက်တည်ခင်းဝန်ဆောင်မှုအတတ်ပညာ F&B Service နှင့် ဟိုတယ်တွင်း သပ်ရပ်လှပအောင်ထိန်းသိမ်းခြင်း အတတ်ပညာ Housekeeping Operation စသည်တို့ကို National Vocational Qualification (UK) နှင့် Institute of AH & LA(USA) မှ Course Guide Line များနှင့်အညီ International Five Star Hotel များ၌ တာဝန်ထမ်းဆောင်ခဲ့သူများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်နေစဉ်အတွင်း လုပ်ငန်းအတွေ့အကြုံများရရှိစေရန် Local ဟိုတယ်ကြီးများသို့ On Job Training (OJT) အနေဖြင့် တာဝန်ထမ်းဆောင်နိုင်သော အခွင့်အလမ်းများရရှိမည်ဖြစ်သည်။

ဖွင့်လှစ်သင်ကြားပေးမည်

နိုင်ငံတကာအဆင့် Hotel , Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course အပတ်စဉ်အသစ်ကိုလည်း ဖေဖော်ဝါရီ တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်းစမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂ တို့ထံသို့ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဟောပြောပွဲကို ဖေဖော်ဝါရီ ၄ရက်က မြို့တွင်းအနောက်(ခ) အမကမူလွန်ကျောင်း၌ ကျင်းပရာ ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ စိန်လှိုင်ဗိုလ်က ပြည်ထောင်စုစိတ်ဓာတ်အကြောင်း ဟောပြောစဉ်။ (၀၆၀)

နတ်မောက်ပြည်သူ့ဆေးရုံ၌ ရေသန့်စက်လှူဒါန်း

နတ်မောက် ဖေဖော်ဝါရီ ၇

နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံတွင် ရေသန့်စက် တပ်ဆင်ရေး အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းကိုက အမှာစကား ပြောကြားပြီး မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး မြို့နယ် ဆရာဝန် ဒေါက်တာမျိုးလွင်က မြို့နယ်ပြည်သူ့ဆေးရုံတွင်သန့်ရှင်းသော သောက်သုံးရေ အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူရှင် ဖ၀က နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံ၌ ရေသန့်စက်တပ်ဆင်ရေး အလှူငွေ ပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသန်းကို၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်နှင့် ဆေးရုံကြီးကြပ်ရေး ကော်မတီဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၄၄၁၀၅၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထီးချိုင့်-တောင်နီ ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်နေမှုကို ဇန်နဝါရီ ၁၅ရက်က လက်ထောက်အင်ဂျင်နီယာ ဦးဝင်းဇော်ဦး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးယဉ်မင်းကျော် ရှင်းလင်းတင်ပြစဉ်။(မြို့နယ်ပြန်/ဆက်)

အာရုံခံ တန်ဆောင်းကြီးအတွက် အလှူငွေပေးအပ်

စဉ့်ကူး ဖေဖော်ဝါရီ ၇

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ မြို့ကုန်းရပ်ကွက်တွင် ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)က ဆောက်လုပ်ဆဲ ဆီမီး၉၉၀၀ အာရုံခံတန်ဆောင်းကြီးအတွက် ဒီဇင်ဘာ ၂၅ ရက်က အဆိုပါအာရုံခံတန်ဆောင်း ရှေ့တွင် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။ အခမ်းအနားတွင် အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)၊ဒုတိယ ဥက္ကဋ္ဌ ဦးအေးသီ(တရားရုံးချုပ်ရှေ့နေ)၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်(တရားရုံးချုပ်ရှေ့နေ)တို့က ပေးအပ်ရာ ဆောက်လုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖိုးစီနှင့် အဖွဲ့ဝင်များက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(၁၁၃)**

မြို့နယ် သတင်း ထွေတလာ

လင်းခေး၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

လင်းခေး ဖေဖော်ဝါရီ ၇

လင်းခေးခရိုင် လင်းခေးမြို့နယ် ပန်းပေါင်းကျေးရွာ၌ အင်ကြင်းမွှေး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ရက်နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ ဒေသခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခွန်သန့်ဇော်ထူး၊ လင်းခေးခရိုင် ဥက္ကဋ္ဌ ဦးကျော်ဆွေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လင်းခေးခရိုင် ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်ထူး၊ မြို့နယ်ဥက္ကဋ္ဌဦးကျော်ကျော်နှင့် ကျေးရွာဥက္ကဋ္ဌ စိုင်းလုံးလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်ထူးက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး စာကြည့်တိုက်အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလုံးလှထံသို့ ပေးအပ်သည်။

အဆိုပါ အင်ကြင်းမွှေးစာကြည့်တိုက်သို့ ဒုတိယဗိုလ်မှူးကြီးခွန်သန့်ဇော်ထူးက အလှူရှင်များကိုယ်စား ငွေကျပ်နှစ်သိန်းရှစ်သောင်း တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်၊ ဒီဗွီဒီပြစက်တစ်စုံနှင့် ဆက်စပ်ပစ္စည်းများ၊ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆွေက ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ စာအုပ်ဗီရိုတစ်လုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်က ငွေကျပ်ငါးသောင်းတန်ဖိုးရှိ သုတစာအုပ် ၅၀၊ ခရိုင် စီမံကိန်းဦးစီးမှူး ဦးစိန်လွင်ကငွေကျပ်သုံးသောင်းတန်ဖိုးရှိ စာအုပ်စာစောင်များ၊ ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်ထူးက ငွေကျပ် သုံးသောင်းတန်ဖိုးရှိ စာအုပ်စာစောင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်က ငွေကျပ်နှစ်သောင်းတန်ဖိုးရှိ စာအုပ်စာစောင်များနှင့် ကျန်အလှူရှင်များက တီဗွီအင်တင်နာတစ်စုံနှင့် ဗို့အား ၁၀၀၀ မီးအားမြှင့်စက် တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလုံးလှက လက်ခံယူသည်။ စာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ၁၈ပေရှိ သွပ်မိုး၊ အုတ်ကာနှင့်ကွန်ကရစ်ခင်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လယ်ယာသန်းခေါင်စာရင်းသင်တန်း ရမည်းသင်း၌ ဖွင့်လှစ်

ရမည်းသင်း ဖေဖော်ဝါရီ ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်ပွဲနှင့်တာဝန်ပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့နယ် မြေစာရင်းဦးစီးဌာနရုံး၌ ကျင်းပရာ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ယုလွင်က အမှာစကားပြောကြားပြီး ၂၀၁၀ခုနှစ် ရမည်းသင်းမြို့နယ် လယ်ယာသန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းအစီအစဉ်များကို ခရိုင်မြေစာရင်းဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလှအောင်က ရှင်းလင်းတင်ပြသည်။

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ဆင့်ပွားသင်တန်းဖွင့်ပွဲသို့ မြို့နယ်ဝါနှင့်ဝါလုပ်ငန်းမန်နေဂျာ ဦးဝင်းညွန့်၊ မြန်မာ့စိုက်ပျိုးရေးမန်နေဂျာ ဦးစောဝင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်မြင့်၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ဌေးနှင့် စာရင်းကောက်ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

9-2 (16).pmd 1 2/9/2011, 2:15 AM

ရွှေကူ၌ မူလတန်းလွန်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ရွှေကူ ဖေဖော်ဝါရီ ၇

ရွှေကူမြို့နယ် သဘော်အင်းကျေးရွာ အုပ်စု သဘော်အင်းကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ပြီးစီးခဲ့သော မူလတန်းလွန်ကျောင်းဆောင်သစ်လွှဲအပ်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀နာရီက ကျင်းပရာ သဘော်အင်းကျေးရွာ ကျောင်းဆောင်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေးက မြို့နယ် လက်ထောက်ပညာရေးမှူး ဦးတိုးအောင်ထံ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

တက်ရောက်

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဆန်းဦး၊ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးတိုးအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးနိုင်၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ ဦးစီးမှူးဦးသန်းအောင်မော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အလုပ်အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(၁၇၉)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး

ယင်းမာပင်၌အလုပ်ရုံဆွေးနွေး

ယင်းမာပင် ဖေဖော်ဝါရီ ၇

မုံရွာခရိုင် ယင်းမာပင်မြို့နယ်၌ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစီမံကိန်း နောက်ဆက်တွဲစာရင်းကောက်ယူခြင်းလုပ်ငန်း၏ မြို့နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို မြို့နယ်မြေစာရင်းရုံး၌ ဖေဖော်ဝါရီ ၁ရက် နံနက် ၉ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်း ဦးစီးဌာနမှူး ဦးနိုင်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင် **(အပေါ်ပုံ)** က မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ် မြေစာရင်း ဦးစီးဌာနမှူး ဦးသန်းဇော်ဦးက ၂၀၁၀ ခုနှစ် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့သည်။

ကျင်းပ

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ရက်မှ ၅ရက်အထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၇

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစီမံကိန်း မန္တလေးတိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကြေးတိုင်ဦးစီးဌာနမှူးရုံး၌ ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ တိုင်းဒေသကြီး မြေစာရင်း ဦးစီးဌာနမှူး ဦးကျော်ငြိမ်းအောင်၊ ဒုတိယ တိုင်းဒေသကြီး မြေစာရင်း ဦးစီးဌာနမှူး ဦးမင်းသိန်း၊ ခရိုင်နှင့် မြို့နယ် မြေစာရင်းဦးစီးမှူးများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ရက်မှ ၂၉ရက်အထိ ပို့ချဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (၀၄၀)

မြို့နယ်သတင်း

ထွေတလာ

မိုးစပါးအထွက်နှုန်းမှန်ကန်ရေး တပ်ကုန်းမြို့နယ်၌ စံကွက်ရိတ်သိမ်း

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့အဖွဲ့ဝင် တပ်ကုန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျင်မောင် ဦးဆောင်၍ တပ်ကုန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် တပ်ကုန်းမြို့နယ် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများသည် တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာအုပ်စုတွင် ဒီဇင်ဘာ ၇ ရက်က ကွင်းဆင်း၍ စံကွက်ရိတ်သိမ်းကြသည်။ **(အောက်ပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာအုပ်စု ကွင်းအမှတ် (၁၄၁၆)၊ ဦးပိုင်အမှတ်(၁၈/၃) တောင်သူ ဦးသိန်းလွင်၏ ဆင်းသုခမျိုးသန့် အဆင့်(၁) စပါးစိုက်ခင်း ၅ဒသမ ၅၈ဧကရှိ ကျင်းပရာ တစ်ဧကအထွက်နှုန်း ၁၂၈ ဒသမ ၈၇တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။

(၀၉၁)

အလုပ်အကိုင်အခွင့်အလမ်းအကြောင်း ရှင်းလင်းပြောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

အင်္ဂလန်မှချီးမြှင့်မည့် Electrical and Electronic Engineering ဘာသာရပ်များ၊ Computer Network and Communication Technology ဘာသာရပ်များ၊ အင်ဂျင်နီယာဘွဲ့ရများအတွက် MBA ဘာသာရပ်နှင့် အလုပ်အကိုင် အခွင့်အလမ်းများအကြောင်းကို ဖေဖော်ဝါရီ ၁၁ ရက်တွင် Summit Parkview Hotel ၌ ကျင်းပမည့် Singapore Education RoadShow 2011 တွင် ရှင်းလင်းပြောကြားမည် ဖြစ်သည်။

ပေးအပ်ချီးမြှင့်

အဆိုပါ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံမှ အင်ဂျင်နီယာ ဘာသာရပ်ကို စိတ်ဝင်စားသူများ၊ ကွန်ပျူတာဆက်သွယ်ရေး နည်းပညာရပ်များကို စိတ်ဝင်စားသူများအတွက် ပညာရေးလမ်းကြောင်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘွဲ့ရများအတွက် ဘွဲ့လွန်အင်ဂျင်နီယာစီမံခန့်ခွဲမှု ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားပေးမည်ဖြစ်သည်။ အဆိုပါ ဘွဲ့များကို Auston Institute of Management တွင် တက်ရောက်သင်ယူနိုင်ပြီး အင်္ဂလန်နိုင်ငံ Coventry University မှ ပေးအပ်ချီးမြှင့်မည် ဖြစ်သည်။

မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ Diploma မှ စတင်တက်ရောက်နိုင်ပြီး City & Guild Electrical and Electronic Diploma လက်မှတ်ရရှိထားပါက Advance Diploma သို့ တိုက်ရိုက် တက်ရောက်နိုင်သည်။ မြန်မာနိုင်ငံမှ BE (Electronic) ကျောင်းသား ကျောင်းသူများ၊ Beng (Hons) in Electrical & Electronic Engineering နောက်ဆုံးနှစ်သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။ Coventry University မှ ဒီဂရီကို ထူးချွန်စွာ အောင်မြင်ပါက Nanyaung Technological University ကဲ့သို့ စင်ကာပူ အစိုးရကျောင်းများ၌ Master လျှောက်ထားနိုင်သည့် အခွင့်အရေးများရရှိနိုင်သည်။

စာရင်းပေးသွင်းနိုင်

အသေးစိတ်မေးမြန်းနိုင်ရန်နှင့် ဆွေးနွေးပွဲတက်ရောက်ရန် CROWN Education, Summit Parkview Hotel အခန်း (၂၂၈-၂၂၉) ဖုန်း- ၂၁၁၈၈၈ လိုင်းခွဲ ၂၂၈၊ ၂၂၉နှင့် ဖုန်း- ၀၉-၅၀၈၅၁၈၅ တို့ထံသို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မေတ္တာပေါင်းကူးတံတားတည်ဆောက်ရေး မော်လူး၌ ပန္နက်တိုင်များစိုက်ထူ

မော်လူး ဖေဖော်ဝါရီ ၇

မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် ဇန်နဝါရီ ၆ ရက် နံနက် ၇ နာရီက မေတ္တာပေါင်းကူးတံတား အသစ်တည်ဆောက်ရန် ပန္နက်တိုင်များ စိုက်ထူပွဲကျင်းပသည်။

ပန္နက်တိုင်စိုက်ထူ

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ဖေနှင့် အဖွဲ့ဝင်များ၊ တံတားဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများက သာယာကုန်းကျေးရွာနှင့် နန့်စီးအောင် (ပေကုန်း) ကျေးရွာသို့ သွယ်တန်းဆောက်လုပ်ထားသော လေးတန်ချောင်း မေတ္တာပေါင်းကူးတံတားအသစ် တည်ဆောက်ရန် ပန္နက်တိုင်များကို စိုက်ထူကြသည်။ **(ယာပုံ)**

ယင်းတံတားမှာ အလျားပေ ၃၆၀၊ အနံ ၇ပေ၊ အမြင့် ၁၅ပေနှင့် အောက်ခြေတိုင် ကျောက်စီ ကွန်ကရစ်အမျိုးအစား လူကူးတံတားဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

လူမှုဒုက္ခ ဝေးလိုက စဉ်ပမီးဘေး ကာကွယ်ပေး

မယ်လေးရိုးတံတား တည်ဆောက်

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ ၁၄၀၊ အကျယ် ၁၂ ပေရှိ မယ်လေးရိုးတံတားဆောက်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (၁၃၇)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ချင်းပြည်နယ်

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ချင်းပြည်နယ်တစ်ခွင်

ချင်းပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အနောက်ပိုင်းတွင်တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၃၉၀၆ ဒသမ ၉၂ မိုင် ကျယ်ဝန်းသည်။ ချင်းတိုင်းရင်းသားများနှင့် မြို၊ ခမီ၊ ဗမာတိုင်းရင်းသားများ အတူတကွ စုပေါင်းနေထိုင်ကြသည်။ တောတောင်ထူထပ်၍ မြေပြန့်အလွန်နည်းပါးသော ပြည်နယ်ဖြစ်သည်။ တောင်တန်းများသည် မြောက်မှတောင်သို့ သွယ်တန်းနေပြီး တောင်တန်းများကြား၌ ချိုင့်ဝှမ်းများရှိသည်။ အမြင့်ဆုံးတောင်မှာ ပေ ၁၀၂၀၀ မြင့်သော ဝိတိုရိယ(ခေါ်) ခေါ်နုဆုမ်တောင်ဖြစ်သည်။ မြစ်ချောင်းများစွာ စီးဆင်းနေပြီး မဏိပူရမြစ်သည် ပြည်နယ်မြောက်ပိုင်းကို ဖြတ်သန်းစီးဆင်းသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❖

ချင်းပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကိုများကူးသန်းသွားလာရေးအတွက် အထောက်အကူပြုနေသည့် ဗားရိုတံတားကို ဤသို့ တွေ့ရသည်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု

သီဟအောင်၏

" ပြည်ထောင်စုနှင့်တပ်မတော် "

ဆောင်းပါး စာ - ၈၊ ၉

ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)၏

" ပြည်ထောင်စုနေ့ သက်သေတည် "

ကဗျာ စာ - ၉

သုန်နဒီ၏

" စည်းလုံးညီညွတ်ကြ "

ကာတွန်း စာ - ၈

ထူးခြားသည့် ညအပူချိန်များ ၈-၂-၂၀၁၁

ဟားခါးမြို့	၀ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၃ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၄ ဒီဂရီစင်တီဂရိတ်